www.dhammaransi.com

ဗုဒ္ဓသာသနာဘာရော အဝသံ ဝဟိတဗ္ဗော
"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# သာထွန်းပြန်

၁၃၇၇ ခုနှစ်၊ ပြာသို - တပို့တွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၊ အတွဲ (၂၁)၊ အမှတ် (၆)

ဝမ္မစာစောင်



www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

www.dhammaransi.com

၀၃၁၆၃
၈.၂.၁၆

# သာသနာ့ထွန်းပြန့် မဂ္ဂဇင်း

ဗုဒ္ဓသာသနာ ဘာရော အဝဿံ ပဂ္ဂဟေတဗ္ဗော

ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ယွင်း ဆောင်ရမည်

အတွဲ (၂၁)၊ အမှတ် (၆)၊ ၁၃၇၇ ခုနှစ်၊ ပြာသို - တပို့တွဲ၊
၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

**နာယကကြီးများ**

ဦးစိုးဝင်း (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးဝန်ကြီးဌာန

ဦးခိုင်အောင် (အမြဲတမ်းအတွင်းဝန်)

တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

စိုးမင်းထွန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**အမှုဆောင်အယ်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"တပို့တွဲလ မီးဖုန်းပွဲခလေ့"

၇ စာတည်းအာဘော်
"သာသနာပြုသံဃာတို့ သာသနာပြုစိတ်ဓါတ် မွေးနိုင်ပါစေ"

၉ ငြိမ်းချမ်းစွာ နေထိုင်ရေးမှ (၅) ချက်

၂၀ သူတော်ကောင်းတို့၏စရိုက် — ဖြူသီးအောင် (ကျောက်ဖြူ)

၂၁ ပြုလွယ်နှင့်ပြုခက် — ငွေသဇင် - သံတွဲ

၂၂ အလှဂုဏ်ပွား — ကန့်ဘလူ - ဖြူစင်ဝင်း

၂၃ မိလိန္ဒပဉှာ

www.dhammaransi.com


၂၄ ရဟန်းကောင်းရဟန်းမြတ်တို့၏တာဝန် ဓမ္မဝီရ

၂၈ မောရပရိတ် နိုင်ကြည်မြင့်

၃၁ တည်ထားပူဇော် ဥပ္ပါတသန္တိစေတီတော်
မြဝင်း (ဓမ္မာစရိယ၊ ဥပဒေ)

၃၇ ဗုဒ္ဓနည်းကျ လာဘ်ထိုးမှ အပြစ်ကင်းပ ချမ်းသာမည်
အရှင်ပညာနန္ဒ (ထုံးဘို)

၃၉ ဝဋ်ကြွေးရှိက ပေးဆပ်ရမြဲ
ဇာတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)
ပန်းချီ - တင်ထွန်းထွန်း

၄၇ ရင်နစ်သည်းခြာ အလိမ္မာကဏ္ဍာ ဖူးပွင့်ဝေ

၅၀ ဘုန်းတော်ကြီးများက ကျောင်းသား / သူများ၏ ပညာရေးကို အားပေးမည်ဆိုလျှင်
ဦးနန္ဒိသေန (ဒေါင်းသာ)

၅၇ မြန်မာနိုင်ငံရှိ ပါဠိစာပေသင်ကြားရေး
ဦးအောင်သိန်းညွန့်

Traditional Pali Studies in Myanmar
**Trans: by U Aung Thein Nyunt**

၆၀ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း လမင်း





**ဘာသာပြန်နှင့် စာမူတည်းဖြတ်ရေး အဖွဲ့**

ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)
ဒေါ်ဝင်းမာ (ဦးစီးမှူး)
ဒေါ်ဝင်းကြည်
ဇေယျာလှိုင်မင်း (သထပ - ကွန်ပျူတာ)

**ပုံနှိပ်သူ**

ဦးသန့်စင်ထွန်း (မြ - ၀၁၁၀၄)
ရွှေပြည့်စုံ ပုံနှိပ်တိုက်
အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။

www.dhammaransi.com





# မဟာဗောဓိမြိုင် ဆရာတော်ကြီး ၏ ဩဝါဒကထာ

◆ အတိတ်ကံတွင် အကောင်း၊ အဆိုး နှစ်မျိုးရောပြွမ်းရှိနိုင်ရာ အတိတ်ကံကောင်း အကျိုးပေးခွင့်ရနိုင်ရန်မှာ ပစ္စုပ္ပန်ကံကောင်းမှု၊ မကောင်းမှုအပေါ်တွင်လည်း တည်မှီပါ၏။

◆ အတိတ်ကံကောင်းက မည်သို့ပင် အကျိုးပေးဖို့ စောင့်မျှော်နေစေကာမူ ပစ္စုပ္ပန်ကံက ညံ့လွန်း၊ မကောင်းလွန်းနေလျှင် အကျိုးပေးခွင့်သာလိမ့်မည် မဟုတ်ပါ။

◆ ဘဝဉ္စရည်ရွယ်ချက်ရှိရှိ၊ ဖွဲ့လုံ့လပြင်းပြင်းဖြင့် အားထုတ်ခြင်း မရှိမှုလျက် "တစ်နေ့နေ့တော့ ကံကောင်းကြုံမှာပါ" ဟု မျှော်လင့်စောင့်စားနေသူများအဖို့ ဘဝနေဝင်ချိန်အထိ စည်းစိမ်ချမ်းသာနှင့် အောင်မြင်ကျော်ကြားမှုများ ရောက်ရှိလာမည် မဟုတ်ပါ။

www.dhammaransi.com



# တပို့တွဲလ မီးဖုန်းပွဲခလေ့

တပို့တွဲလရာသီသည် မဇ္ဈိမဒေသတွင် အအေးဆုံးအချိန်ဖြစ်သည်။ ဘုရားရှင် အအေးဒဏ်ပေါ့စေရန် မီးပုံများ ပုံ၍ မြတ်စွာဘုရားရှင်အား ပူဇော်ကြပါသည်။ မီးဖုန်းပွဲကို အလွန်ချမ်းအေးလှသော တပို့တွဲလရာသီတွင် အထက်အညာဒေသ၌ ကျင်းပလေ့ရှိသည်။ အလွန်အေးမြလှသော တပို့တွဲလတွင် ဘုရားဆင်းတုများရှေ့၌ မီးဖိုရန် ရဟန်းသံဃာများနှင့် သက်ကြီးရွယ်အိုများ မီးလှုံရန် နံ့သာထင်းများ၊ မယ်ဖျုး(မီးအိုးကင်း)စသည်တို့ကို ကျောင်းဘုရားတို့သို့ လှူဒါန်းခြင်းကို မီးဖုန်းပွဲဟု ခေါ်ပါသည်။

တပို့တွဲလမီးဖုန်းပွဲသည် မြန်မာဘုရင်များလက်ထက်ခေတ်အဆက်ဆက်ကျင်းပခဲ့သည်ဟု ဆိုရပါမည်၊ နောက်ပိုင်းတွင် မီးဖုန်းမှမီးပုန်းဟု ပြောင်းလဲခေါ်ဝေါ်လာသည်ကို တွေ့ရပါသည်။ ယခုခေတ်တွင် မီးပူဇော်ပွဲဟူ၍သာ သုံးကြပါသည်။

မြန်မာနိုင်ငံတွင် ဥတုသုံးလီရှိခဲ့ရာ ဆောင်းရာသီသည် အအေးဆုံးရာသီ ဖြစ်သည်။ ထိုဆောင်းရာသီတွင် တပို့တွဲလသည် အအေးဆုံးလဖြစ်ပါသည်။ ကာလတစ်မျိုးလျှင် ရှစ်ရက်ရှိသဖြင့် ယင်းကာလကို "အကြား၌ပြစ်သော" ရှစ်ရက်(အန္တရဋ္ဌက)ဟုခေါ်သည်။

တပို့တွဲလမီးဖုန်းပွဲဖြစ်ပေါ်လာရခြင်းသည် ဤအန္တရဋ္ဌက ရက်များတွင် ရှင်အာနန္ဒာက ဒုကုဋ်သင်္ကန်းပေးခြင်းကိုလည်းကောင်း၊ ဘုရားရှင်ကိုယ်တော်တိုင် အအေးဒဏ်ခံနိုင်ရည်ရှိမှုကို စမ်းသပ်၍လည်းကောင်း၊ ဒုကုဋ်သင်္ကန်းခွင့်ပြုချက်ရပြီး ထိုဒုကုဋ်သင်္ကန်းကို အကြောင်းပြုပြီး ဤမီးဖုန်းပွဲကို ပြုလုပ်ကြသည်ဟု ဆိုပါသည်။

မီးဖုန်းလှူဒါန်းကြခြင်းမှာ တပို့တွဲလပြည့်နေ့ဖြစ်ပါသည်။ တပို့တွဲလပြည့်နေ့ည(၂)ချက်တီးကျော်လပြည့်ကျော်(၁)ရက်အဝင်တွင် မြတ်စွာဘုရားရှင်အား အချမ်းမှ သက်သာစေရန် ရှင်အာနန္ဒာက ဒုကုဋ်ကိုတင်လှမ်းပေးကြောင်း သိရပါသည်။ ထို့ကြောင့် ဒုကုဋ်သင်္ကန်းအစားနံ့သာထင်းများဖြင့် ဘုရားရှင်ကိုရည်စူး၍ လှူဒါန်းသောအထိမ်းအမှတ်လည်း ဖြစ်သည်ဟု ဆိုရပါမည်။

ဘုရားရှင်သည် တိစီဝရိတ်ခေါ် သင်္ကန်းသုံးထည်သာ ဆောင်ယူခွင့်ကို တပို့တွဲလနှင့် တပေါင်းလအကူး အန္တရဋ္ဌကရက်များအတွင်း ညတစ်ည၌ကို ကိုယ်တော်တိုင် လက်တွေ့

www.dhammaransi.com

စမ်းသပ်ပြတော်မူပြီး ဒုကုဋ်သင်္ကန်း ပညတ်တော်မူခဲ့ပါသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေစဉ် ညနေချမ်းအချိန်၌ ကျောင်း၏အနောက်ဘက် နေပူဆာတွင် ကိုယ်တော်တစ်ပါးတည်း ကျောကုန်းကို နေပူဆာလှုံတော်မူကြောင်း သိရပါသည်။ ထိုအချိန်တွင် ဘုရားရှင်သည် ဇရာပိုင်းရောက်နေပြီးဖြစ်၍ သဘာဝရာသီဥတုအအေးဒဏ်ကို ခံနိုင်ရန် နေပူဆာလှုံတော်မူသည်ကို အစွဲပြု၍ တပို့တွဲလ မီးဖုန်းပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါသည်။

ရှေးအခါက တပို့တွဲလ၏ရာသီပွဲတော်ဖြစ်သော ဤမီးဖုန်းပွဲကို မြန်မာဘုရင်များကိုယ်တိုင်ဦးစီး၍ ခမ်းခမ်းနားနားကျင်းပခဲ့ကြပါသည်။ ရှေးမြန်မာဘုရင်တို့က ကျောင်း၊ ဘုရားများသို့ မီးဖုန်းပွဲနှင့် ထမနဲပွဲအတွက် ထင်း၊ မယ်ဇလီုနှင့်ယာဂုတို့လှူသည့် အစီအစဉ်များကို ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီးတွင် အကျယ်တဝင့်တင်ပြထားပါသည်။ ပြည်သူလူထုက နံ့သာထင်း၊ မီးသွေး၊ မယ်ဇလီုစသည်တို့ကိုလည်းကောင်း၊ မယ်ဇလီုတွင် နံ့သာထင်း၊ မီးသွေးတို့ဖြင့် မီးဖို၍လည်းကောင်း ဘုရားကျောင်းများသို့ သွားရောက်လှူဒါန်းကြသည်။

မျက်မှောက်ခေတ်တွင် မီးဖုန်းပွဲကို မြန်မာအညာဒေသအချို့၌သာ အစဉ်အလာမပျက်ကျင်းပလျက်ရှိသဖြင့် လူသိနည်းသောပွဲတော်ဖြစ်ပြီး အထူးသဖြင့် ဤတပို့တွဲလတွင် နောက်မှတိုးလာသော ထမနဲပွဲကိုသာ ပွဲတော်အဖြစ် သိကြတော့သည်။ မန္တလေး၊ ရွှေဘိုစသည့် အညာဒေသတွင် တပို့တွဲလဆန်းလျှင် တောထဲသို့သွား၍ သနပ်ခါးထင်းများခုတ်ကာ နေပူလှမ်းထားကြသည်။ တပို့တွဲလပြည့်နေ့သို့ရောက်သောအခါ ခြောက်နေသော နံ့သာထင်းများကို စေတီပုထိုး၊ ရုပ်ပွားတော်များရှေ့၌ စေတီသဏ္ဌာန်၊ ပြာသာဒ်သဏ္ဌာန်စနစ်တကျမီးပူဇော်ကြပါသည်။

သို့ရာတွင် ယနေ့ခေတ်၌ အညာဒေသများတွင် နံ့သာထင်းများ မရှိသလောက်ရှားပါးလာသဖြင့် မီးဖုန်းပွဲပြုလုပ်သူများ တစ်စတစ်စနည်းပါးလာသည်ဟု ထင်မြင်မိပါသည်။ ဤမီးဖုန်းပွဲကား ချမ်းအေးလှသော ရာသီနှင့်အလိုက် ကုသိုလ်ရေးကိုသာ ဦးတည်၍ ရှေးမြန်မာကြီးများက တီထွင်ခဲ့သော ပွဲတော်တစ်ခုဖြစ်ကြောင်း သည်တစ်ပတ်၏ မျက်နှာဖုံးပုံရိပ်အဖြစ် တင်ပြလိုက်ရပါသည်။

❖ ❖ ❖

www.dhammaransi.com



# သာသနာပြုသံဃာတို့ သာသနာပြုစိတ်ဓာတ်မွေးနိုင်ပါစေ

ဗုဒ္ဓသည် လူ၊ နတ်၊ ဗြဟ္မာတို့ အကျိုးကြီးမားစွာ အသုံးပြုရရှိခံစားနိုင်ရန်အတွက် သီလ၊ သမာဓိ၊ ပညာဟူသော အကျင့်သုံးဖြာသာသနာ(အဆုံးအမ)ကြီး ပေါ်ထွန်းလာရေးအတွက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းအချိန် ဘဝကို အရင်းခံစတေး စွန့်စား ပါရမီအလုပ်များကို အားထုတ်ကြိုးပမ်းဖြည့်ဆည်းတော်မူခဲ့ပါသည်။

ပါရမီဟူသည် မြင့်မြတ်သူတို့၏ လုပ်ဆောင်ချက်ဖြစ်သလို မြင့်မြတ်သောစိတ်ဓာတ် စွမ်းရည်တို့ဖြင့်သာ လုပ်ဆောင်တည်ဆောက်ယူရသည်။

ဗုဒ္ဓလောင်းလျာသည် ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး စရိယသုံးပါးတို့ကို စွမ်းစွမ်းတမံဖြည့်ကျင့်တော်မူခဲ့သော ပါရမီရှင်ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မှန် ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်ခဲ့ရသည်။

ဗုဒ္ဓ၏ ထိုပါရမီကျင့်စဉ်လမ်းများသည် လိုက်နာကျင့်သုံးရမည့်မှု ဖြစ်သည်။

အတုယူအားထုတ်ဖြည့်ဆည်းစရာ စံများဖြစ်သည်။

အလွယ်တကူမှီးယူတက်လှမ်းစရာ လမ်းစဉ်များလည်းဖြစ်သည်။

ဗုဒ္ဓသည် ထိုမှု ထိုစံ ထိုလမ်းစဉ်များကို ကျင့်သုံးဆောက်တည်ခဲ့သောကြောင့် အလုံးစုံသိသော သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ကျွတ်ထိုက်သော ဝေနေယျတို့အတွက် သီလ၊ သမာဓိ၊ ပညာ ဟူသော ကျင့်စဉ်သုံးရပ် အစ၊ အလယ်၊ အဆုံး သုံးပါးသော ဂုဏ်တို့နှင့်ပြည့်စုံသော ဤသာသနာကြီးကို တည်ဆောက်ပေးထားခဲ့သည်။

ထိုသာသနာတော်မြတ်ကြီးသည်ကား ဝေနေယျသတ္တဝါတို့အတွက် ထာဝရလွတ်မြောက်ရေး ထာဝရငြိမ်းချမ်းရေး တံတိုင်းကြီးဖြစ်ခဲ့ရပါသည်။

ဗုဒ္ဓသည် ထိုသဗ္ဗညုတဉာဏ်တော်ရပြီးနောက် လောကလူသားတို့အတွက် ဓမ္မအရသာကို ခံစားနိုင်စေရန်၊

''စရထဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ''

''လူအများအကျိုးစီးပွား လူအများချမ်းသာခြင်းအကျိုး လောကကိုစောင့်ရှောက်ခြင်း အလို့ငှါ ဟု မိန့်ကြားပြီး ဒေသစာရီလှည့်လည်၍ တရားများကို ဟောပြစေခဲ့ပါသည်။

ကျေးဇူးတော်ရှင် ကမ္ဘာကျော်လယ်တီဆရာတော်ဘုရားကြီးသည် ပြည်တွင်းသာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်လုပ်ကိုင်ပြီး ထိုသည်ကို အားမရဘဲ ၁၂၇၅-ခုနှစ်တွင် ဥရောပသို့ သာသနာပြုနိုင်ရန်၊

www.dhammaransi.com



"နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီးကို တည်ထောင်ပြီးဆောင်ရွက်ခဲ့ရာတွင် ဆရာတော်ကြီး၏ သဘောထားဟောပြရာ၌ -

"လောက၌ရှိကြသော သက်ရှိ သက်မဲ့အလုံးစုံတို့မှာပင် အမြင့် အမြတ် အကောင်းအမွန်သည် အလွန်ရှား၏။ ပေါ်ပေါက်လာပါသော်လည်း အလိမ္မာပြောင်မြောက်၍ ချီးမြှောက်စောင့်ရှောက်မည့်သူရှိပါမှ တည်နေနိုင်၏။ အနှံ့အပြားပြန့်ပွားအောင် ပြုလုပ်သူရှိပါမှ ပြန့်ပွားနိုင်၏။

ငါတို့ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် အမြင့်တကာတို့ထက် အမြင့်ဆုံး၊ အကောင်းတကာတို့ထက် အကောင်းမွန်ဆုံးဖြစ်၏။ ကမ္ဘာအသင်္ချေကြာသော်လည်း တစ်ရံတစ်ခါမျှ ပေါ်ပေါက်ခဲ၏။ ပေါ်ပေါက်လာပါသော်လည်း အသိ, အလိမ္မာ, ဉာဏ်ကြီးကြီးနှင့်စောင့်ရှောက်သူရှိပါမှ လောက၌ တည်နိုင်၏။ အရပ်တစ်ပါး ပြန့်ပွားအောင် ကြံဖန်ပြုလုပ်သူရှိပါမှ ပြန့်ပွားနိုင်၏·····ဟု မိန့်ကြားတိုက်တွန်းခဲ့ပါသည်။

လယ်တီဆရာတော်ကြီး၏ နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီးတည်ထောင်ဆောင်ရွက်မှုကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဂုဏ်ပြုသည့်အနေဖြင့်

"သာသနာတစ်ဝက်သီသီနှင်းကာမှ ကမ္ဘာမှာစက်ခြည်လင်းစေဖို့ သည်အသင်းအရှိန်ကျပြီလို့ နှလုံးဝယ်ရည် (ပဏ္ဍိတရယ် ထေရ်သနင်း··· မဟိန္ဒကိုပ···· ဘုန်းလယ်တီ။)

ဩော် ဘုရားပဲစူးပါစေ၊ ကြားဖူးပေသည့်တစ်ခါပဲ၊ ပြည်မြန်မာထွန်းလာရတာက၊ အင်္ဂလန်ကျွန်းသာစွဆီသို့ ဗုဒ္ဓသာသနာရောင်နှင့် ဓမ္မဖေါင် မာလိန်မှူးပေမို့၊ ထူးမပေါ့ ပဝေဏီမှာ နော်ကွယ်၊ ကူးတော့ချေပြီ···ဟု ဂုဏ်ပြုရေးဖွဲ့ခဲ့ပူဇော်ခဲ့ပါသည်။

ဂုဏီဂုဏာ နနိန္ဒာယ ပသံသယဂုဏီဂုဏီ

ဂုဏ်ရှိပြီးသားလူပုဂ္ဂိုလ်အား ကဲ့ရဲ့ခြင်းအားဖြင့်ရှိပြီး ဂုဏ်များပျက်မသွားနိုင်ပါ၊ ဂုဏ်ပြုသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုကြလျှင်မူကား ဂုဏ်ရှိသူအား ထူးထူးခြားခြားရွေးချယ်ပူဇော်တတ်ပါပေသည် ဟု ပြန်လည်ဂုဏ်တက်လာစေပါသည်။ သူဂုဏ်ကိုမြင့်မှ ကိုယ့်ဂုဏ်တင့်ပါမည်။

ထို့ကြောင့် ယနေ့သာ သနာပြု ဆရာတော်သံဃာတော်များသည်

ဘုန်းကံရှိဘို့လိုတယ်၊ ပညာတတ်ရန်လို၊ သာသနာစိတ်ဓာတ်ပြည့်ဖို့လို

သတ္တိရှိဖို့လို ဇွဲကောင်းဖို့လို၊ လောကလဲမပျင်းဖို့လို ဓမ္မလဲ မယွင်းဖို့လို ဆိုသည့်အတိုင်း ဤခံယူချက် ဤစိတ်ဓာတ်ဖြင့် သာသနာပြုလုပ်ငန်းကို ဆက်လက်ကြိုးပမ်း အားထုတ်နိုင်ကြပါစေ။

အယ်ဒီတာ

www.dhammaransi.com



# ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅) ချက်

## သီတဂူဆရာတော် အရှင်ဉာဏိဿရ

### အာရပ်နိုင်ငံတချို့ရဲ့ ဥပဒေဖွဲ့စည်းပုံ အချို့

တပည့်တော် တစ်ခုလျှောက်မယ်။ တပည့်တော် အီရန်နိုင်ငံကို ရောက်ဖူးတယ်။ အီရန်နိုင်ငံရဲ့ဖွဲ့စည်းပုံတွေ၊ အုပ်ချုပ်ပုံတွေ၊ အခြေခံဥပဒေတွေ အသေးစိတ် အကုန်လုံး မလေ့လာနိုင်ခဲ့ပေမဲ့ Overall ပေါ့၊ အကြမ်းဖျင်းလေး တပည့်တော် လေ့လာထားတယ်။

အီရန်နိုင်ငံမှာ အများစု လူဦးရေက ပါရှန်(Persian)ဆိုတဲ့ လူဦးရေက (၆၀)ကျော်ရာခိုင်နှုန်းလောက် ရှိတယ်။ အဲဒီမှာ အနည်းစု Ethnic Community ဆိုပြီးတော့ ကာဒ်(Kurd) လူမျိုးတွေရှိတယ်။ ဗလူချီ(Baloche)ဆိုတဲ့ လူမျိုးတွေ ရှိတယ်။ လူရိရှ်(Lurish) ဆိုတဲ့လူမျိုးတွေ ရှိတယ်။ လူမျိုးပေါင်းစုံ (၅)မျိုး (၆)မျိုးလောက် ပေါင်းပြီးတော့ ဖွဲ့စည်းတယ်။ Union of Iran ပဲ။ ဒါပေမဲ့ အချက်အလက်တွေ အများကြီးထဲက တစ်ခု တပည့်တော်တို့ ဘာတွေ့ခဲ့ သလဲဆိုတော့ - Islamic Religion is offical. အဲဒါတွေ့တယ်။ Offical Religion က ဘာကိုပြောတာလဲဆိုတော့ မြန်မာလိုပြောရရင် တရားဝင်ကိုးကွယ်တဲ့ ဘာသာသည် အစ္စလာမ်ဘာသာပဲ။ (ပြန်ပြောမယ်။ ဘာကိုးကွယ်တဲ့ ဘာသာလဲ၊ ) Offical ဆိုတာ တရားဝင်ပဲ မဟုတ်လား။ ကျန်တဲ့ဘာသာတွေက Offical ဟုတ်သေးလား။ ( Unoffical တွေ ဖြစ်သွားတယ်။ တရားမဝင်ဘူးပေါ့။)

### မြန်မာနိုင်ငံမှာ ဘာသာတရားတိုင်း တရားဝင်ဘာသာ ဖြစ်တယ်

ဒီကနေ့ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အကုန်လုံးတရားဝင်တယ်။ ဗုဒ္ဓဘာသာကတော့ လူအများစု ကိုးကွယ်တာ။ ကျန်သော ခရစ်ယာန်တွေ၊ အစ္စလာမ်တွေ၊ ဟိန္ဒူတွေ၊ ဂျူးတွေ၊ အကုန်လုံး နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ တရားဝင်ဘာသာတွေ။

www.dhammaransi.com



အဲဒါကြောင့်မို့လို့ မျိုးစောင့်ဥပဒေဆိုပြီး ပစ်တော့ ပစ်လိုက်တာပဲ။ သိပ်ထိပုံမပေါ်ဘူး။ ပစ်တော့ ပစ်နေတာပဲနော်။ တဒိုင်းဒိုင်းနဲ့ ပစ်နေတာ။ သိပ်ထိပုံတော့ မပေါ်ဘူး။ အဲဒါ သူတို့တိုင်းပြည်တွေမှာ ပါကစ္စတန်ဥပဒေကို လေ့လာကြည့်ပါ။ ဒီအတိုင်းပဲ။ မလေးရှားဥပဒေကို လေ့လာကြည့်ပါ။ ဒီအတိုင်းပဲ။ တပည့်တော်တို့ နိုင်ငံတော်ကျတော့ ၁၉၅၃-၅၄ ခုနှစ်က ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဆိုပြီးတော့ State Religion လုပ်လိုက်တာ အုတ်အုတ်ကျက်ကျက် ဝိုင်းကန့်ကွက်လိုက်ကြတာ ဒီကနေ့ မရှိတော့ဘူး။ အဲဒါကြောင့် ကြိုးစားကြပေမဲ့လည်း ထင်သလောက်၊ မှန်းသလောက်တော့ ပေါက်မြောက်သေးမယ် မဟုတ်ဘူး။ ခုလိုတပည့်တော်တို့ ဒီလိုပဲ သုံးသပ်မိတယ်။

## ဘာသာရေးခေါင်းဆောင်သာ သမ္မတဖြစ်တဲ့ နိုင်ငံ

နောက်ပြီးတော့ ရှိသေးတယ်။ Highest Authorized Person နိုင်ငံတော်မှာ အမြင့်ဆုံး အာဏာပိုင်ပုဂ္ဂိုလ်ဟာ ဘာသာရေးခေါင်းဆောင် ဖြစ်ရမယ်။ အီရန်နိုင်ငံရဲ့ အခြေခံစည်းမျဉ်းမှာ နိုင်ငံရေးခေါင်းဆောင်ရော နိုင်ငံတော်ရဲ့ သမ္မတရော အကုန်လုံးဟာ ဘာသာရေးခေါင်းဆောင်က အကြီးဆုံး သူတို့တိုင်းပြည်မှာ ဖြစ်ရမယ်။ အုပ်ချုပ်ရေးအဖွဲ့တိုင်းရဲ့ထိပ်မှာ အမြင့်ဆုံး အာဏာပိုင်ဟာ ဘာသာရေးခေါင်းဆောင်ပဲ။ တပည့်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှာ နိုင်ငံတော်သံဃမဟာနာယကကြီးရဲ့ အနေအထားဟာ ဘယ်မှာရှိတယ်ဆိုတာ ဆရာတော်များ အကုန်လုံး သိပါတယ်။ ဒီမှာ (အီရန်)မှာတော့ အစ္စလာမ် ဘာသာရေး ခေါင်းဆောင်ကြီးက ထိပ်ဆုံးမှာ။ နိုင်ငံရေးမှာလည်း သူ အာဏာပိုင်ပဲ။ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးမှာလည်း သူအာဏာပိုင်ပဲ။

အဲဒါကြောင့် မတူတာတွေ အဲဒီလိုရှိတယ်ဆိုတာကို တပည့်တော်တို့ တိုင်းသူပြည်သားတွေရော သံဃာတော်တွေရော သိရရင် နောက်ထပ်တက်စရာအဆင့်တွေ အများကြီးရှိဦးမယ်လို့၊ တပည့်တော် ဒီလိုပဲ ယူဆတယ်။

## ကိုယ့်နယ်ထဲမှာ နေပါ၊ နယ်မကျွံမိပါစေနဲ့

နောက်တစ်ခု ဘုရားတပည့်တော် လျှောက်ထားချင်တာက ဒီလို အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးလုပ်ကြတော့ သံဃာတော်အရှင်မြတ်တွေက နိုင်ငံရေး လုပ်သလားလို့ မေးခွန်းတွေ မေးစရာရှိလာတယ်။ (တကယ်တော့- အမျိုးသားရေး (National Affairs)

www.dhammaransi.com



ဘာသာရေး၊ သာသနာရေးကို (Religious Affairs)လောက်ပဲ ဖြစ်ပါတယ်။ ပါတီနိုင်ငံရေး မဟုတ်ဘူး။) တချို့သံဃာတော် အရှင်မြတ်တွေကလည်း နည်းနည်းနယ်ကျွံတယ်နဲ့ တူပါတယ်။ ကိုယ့်နယ်ထဲ မနေဘဲ သူများနယ်ထဲ ရောက်ပုံရတယ်။ အဲဒါကြောင့် အမေးမြန်းလည်း ခံရတယ်။ အပြစ်တင်လည်း ခံရတယ်။

မြတ်စွာဘုရားရဲ့စကားတစ်ခွန်းရှိပါတယ်။

"မာ အဂေါစရေ ဘိက္ခဝေ စရထ ပရဝိသယေ"

သူတစ်ပါးစားကျက်ထဲ မသွားကြနဲ့။ ဒါဘုရားစကား။

"ဂေါစရေ ဘိက္ခဝေ စရထ သကေ ပေတ္တိကေ ဝိသယေ"

ကိုယ့်စားကျက်မှာ ကိုယ်နေကြပါ။ ဒါဘုရားစကား။

(ဇာတကအဋ္ဌကထာ-၃-နှာ-၅၃)

သူများစားကျက်ထဲ သွားတော့ ဘာဖြစ်လဲ။ အဲဒီမှာ ဇာတ်တော်လေးတစ်ခု ဟောတယ်။ လယ်ထဲက ထယ်ခဲကြားအောက်မှာ သားလေးတွေပေါက်ပြီး နေနေတဲ့ ဘီလုံးငှက်။ မိုးကြီးဝုန်းဆို ရွာချတော့ ထယ်ခဲကြားက ပိုးကောင်တွေ၊ ပလူတွေ ထပြန်တာ။ ပလူကောင်လေးတွေကို လိုက်ဖမ်းပြီးတော့ သားလေတွေကို အစာကျွေးတာ။ ပလူတစ်ကောင်က ကောင်းကင်အမြင့်ကြီးပြန်သွားတော့ ဘီလုံးက လိုက်ရင်း လိုက်ရင်းနဲ့၊ ဒီလိုပြောရင်ကောင်းမယ်။ ကောင်းကင် ပေတစ်ထောင်လောက် အမြင့်ကို ဘီလုံးငှက်ရောက်သွားတယ်။ သူ့နယ် ဘယ်မှာလဲ။ ထယ်ခဲကြားမှာ။ သူက ကောင်းကင်တက်သွားပြီ၊ ကောင်းကင်မှာ စွန်တွေရှိတယ်။ စွန်က ဘီလုံးလေးကို တွေ့လိုက်ရော တစ်ခါတည်း ခြေသည်းနဲ့ပြေးကုတ် သုတ်လိုက်တော့ စွန်ရဲ့ခြေသည်းကြားမှာ ဘီလုံး ဖမ်းမိသွားတယ်။ ကိုယ့်နယ်မြေ ကိုယ်မနေတဲ့ ဘီလုံး၊ စွန်တို့ရဲ့နယ်မြေကို သွားမိတဲ့ ဘီလုံး၊ စွန်ဖမ်းဘာ ခံရတယ်။ ကိုယ့်စားကျက်မှာ ကိုယ်နေကြပါ။

ကံကောင်းချင်တော့ စွန်ရဲ့ ခြေသည်းကြားမှာ ဘီလုံးရဲ့ခေါင်းလေးက ညှပ်မိရဲ့သားဖြစ်သွားတယ်။ ခေါင်းကို ခြေသည်းတွေနဲ့ မပေါက်မိဘူး။ အသက်ချမ်းသာရာရတယ်။ အဲဒါ သူက သတ္တိကောင်းတဲ့အကောင်ဆိုတော့ မလျှော့ဘူး။ ဘာပြောလဲဆိုတော့-

"ဟေး မစ္စတာ စွန်၊ ငါ့နယ်မြေထဲ ငါမနေမိလို့ မင်းနယ်မြေထဲကို ငါကျူးကျော်

www.dhammaransi.com



ဝင်ရောက်မိလို့ မင်းငါ့ကိုဖမ်းတာ။ ဒါ မင်းနယ်မြေ မင်းလုပ်ပိုင်ခွင့်ရှိတာ လုပ်ပေါ့ကွာ။ အကယ်၍ ငါ့နယ်မြေထဲမှာသာဆိုရင် မင်းကိုငါ စစ်ပြိုင်ပြီးတော့ တိုက်ရဲတယ်'' ''မင်းနယ်မြေက ဘယ်မှာလဲ'' ဆိုတော့ ''လယ်ထဲက ထယ်ခဲကြား''။ ''မင်းတကယ်တိုက်မလား'' ''တိုက်မယ်၊ ဒါပေမဲ့ ငါ့ကို ထယ်ခဲကြား ပြန်ပို့၊ '' စွန်ကြီးကို အသည်းယားအောင် ၊ အူယားအောင်၊ ဘီလုံးက ရန်စကား ပြောတာ။ အူယားလေလေ အဲဒီကောင် ရှုံးတော့မယ်မှတ်။ မခံချိမခံသာပြောလို့ အူယားလာလေလေ အဲဒီကောင် အန္တရာယ်ဘက်ရောက်တော့မယ်မှတ်။ အဲဒါကြောင့် ဘာပဲပြောပြော အူယားတော်မမူကြပါနဲ့။ ဘီလုံးငှက်မလေးဟာ စွန်ကြီးအူယားအောင် ပြောတတ်တယ်။ ဘီလုံးလေးပြောတော့ စွန်ကြီးအူယားသလို အရှင်ဘုရားတို့ သူတစ်ပါးပြစ်တင် ကဲ့ရဲ့သံကြားလို့ အူယား အသည်းယားဖြစ်နေကြရင်··· ရှုံးကြလိမ့်မယ်ဘုရား။

ဘီလုံးငှက် လယ်ထဲက ထယ်ခဲကြား ပြန်ရောက်သွားတော့ သားလေးတွေ အစာကျွေး၊ ရေတိုက်ပြီးတော့ သူလည်းဝအောင်စားပြီး ထယ်ခဲပေါ်တက် မတ်တတ်ရပ်နေတာ၊ ''ဟေး- ကောင်းကင်အုပ်စိုးတဲ့ စွန်၊ ငါ့နယ်မြေ ထဲ ငါရောက်နေပြီ၊ ဒီအချိန်ဟာ ဒို့တိုက်ခိုက်ရမည့် အချိန်ပဲ၊ စစ်ပွဲစမယ်လို့'' ဘီလုံးက ကြေညာတယ်၊ စွန်က ဒေါသထတယ်။ ဒေါသတကြီးနဲ့ စွန်က Over Speed ပေါ့။ ငါ့ Speed နဲ့ ကောင်းကင်ကနေ တအားထိုးဆင်းတာ၊ ထယ်ခဲပေါ်မှာ ရပ်နေတဲ့ ဘီလုံးငှက်လေးက စွန်ကြီးကို ကြည့်နေ၊ လာပြီ လာပြီ ငါ့အနားရောက်လာပြီ။ အနားရောက်မှ ဖြုတ်ဆို ထယ်ခဲ အောက် ခုန်ဆင်းပြေးဝင်လိုက်တယ်။ ဟိုကောင်က Over Speed ဖြစ်နေတာ ထိန်းနိုင်သေးလား။ မထိန်းနိုင်လို့ Over Speed ဖြစ်လာတဲ့စွန်ဟာ ထယ်ခဲနဲ့ ရင်ဘတ်နဲ့တိုက်မိပြီး ရင်ကွဲပြီးသေတယ်။ အားလုံး Over Speed တွေ မဖြစ်ကြအောင် ထိန်းတော်မူကြပါ။

## ကြွရောက်လာသော သံဃာတော်အရှင်မြတ်တို့ဘုရား---

ကိုယ့်နယ်မြေမှာ အားလုံး အင်အားရှိပါတယ်။ နယ်မြေမကျူးကျော်ဖို့ဘဲ အရေးကြီး တယ်လို့ အဲဒီဇာတ်တော်ဖြင့် အရှင်ဘုရားများကို အားဖြည့်ပြီး တိုက်တွန်းပါတယ်။ အဲဒီတော့ ဒီလိုအလုပ်တွေ လုပ်နေတာဟာ သံဃာတော်အရှင်မြတ်တွေ နိုင်ငံရေးလုပ်သလားလို့ မေးစရာ ရှိပါတယ်။

www.dhammaransi.com



## သာသနာရေးနှင့် လူမှုရေး တစ်ပြိုင်တည်းလုပ်ဖို့လို

ဘုရားတပည့်တော် လျှောက်ထားချင်တာကတော့ သာသနာရေးနဲ့ လူမှုရေးကို ဆရာတော် သံဃာတော်များ အင်တိုက် အားတိုက် ဆောင်ရွက်တော်မူကြပါ။ ဒီကနေ့ ဒီနိုင်ငံရဲ့ အခြေခံဟာ ဒီနှစ်ခုကို တွဲလုပ်နိုင်မှ အမျိုးကိုလည်း စောင့်ရှောက်နိုင်မယ်။ ဘာသာကိုလည်း စောင့်ရှောက်နိုင်မယ်။ သာသနာကိုလည်း စောင့်ရှောက်နိုင်မယ်။ ပရိယတ်၊ ပဋိပတ်တစ်ခု တည်းကို တွန်းပြီးတော့၊ စွတ်ပြီးတော့ လုပ်နေရင် လူမှုရေးတွေကျန်နေခဲ့ရင် တပည့်တော်တို့ အမျိုးသား၊ အမျိုးသမီးတွေ ဆုံးရှုံးရလိမ့်မယ်။ လူမှုရေးချည်း ဖိလုပ်ပြီး ဘာသာရေး၊ သာသနာ ရေးမပါရင်လည်း ကြာရင် သာသနာဘက်က ဆုံးရှုံးသွားတတ်တယ်။

အဲဒါနဲ့ပတ်သက်လို့ တပည့်တော် ဥပမာ တစ်ခုပြောချင်တာက (၁၉၁၇)ခုနှစ်က ရုရှားနိုင်ငံမှာ တော်လှန်ရေးတစ်ခု အကြီးအကျယ်ဖြစ်တယ်။ အောက်တိုဘာတော်လှန်ရေးလို့ ကမ္ဘာ့သမိုင်းတွေမှာ ရေးကြတယ်။ (၁၉၁၇)ခုနှစ် အောက်တိုဘာလမှာ လီနင်တို့ ကွန်မြူနစ် ဝါဒကို ကြိုက်ပြီးတော့ ရုရှားတိုင်းပြည်ကို ကွန်မြူနစ်ဝါဒနဲ့ ထူထောင်ပြီးတော့ ဘုရင်တွေကို အကုန်ဖြုတ်ချပစ်တာ။ ဇာဘုရင်၊ ဇီတာဘုရင်တို့ အဲဒီမှာ ဘုရင်နှင့်တကွ နန်းတွင်းသူ၊ နန်းတွင်းသားအားလုံး အသတ်ခံရတယ်။ တပည့်တော် ရုရှားနိုင်ငံကို (၄)ခေါက် (၅)ခေါက် လောက် ရောက်ဖူးပါတယ်။ ခရစ်ယာန် Orthodox Church တွေ အလွန်ပေါတဲ့တိုင်းပြည် Orthodox ဆိုတာ ရှေးဟောင်း၊ ခရစ်ယာန် သူတို့ရဲ့ Church ကျောင်းကြီးတွေကို အချွန်တွေ အတက်တွေ မဟုတ်ဘဲနဲ့ အစ္စလာမ်ဘာသာဝင်တွေရဲ့ ကျောင်းကြီးတွေလိုပဲ အလုံးကြီးတွေ။ အဲဒီအလုံးကြီးတွေနဲ့ ကျောင်းကြီးတွေဟာ ရွှေတွေနဲ့ချည်း လုပ်ထားတာ။ အလွန်ဘာသာရေး မြတ်နိုးတဲ့ ရှေးဟောင်း ရုရှားတွေ၊ ခရစ်ယာန်ဘုန်းတော်ကြီးတွေ အားလုံး အသတ်ခံရတယ်။ အဲဒီရွှေဘုရားကျောင်းကြီးတွေက ရွှေတွေကို အကုန်လုံး လီနင်တို့အဖွဲ့က ခွာယူသွားကြတယ်။ တပည့်တော်တို့ရဲ့ ရွှေတိဂုံကို သခင်စိုး ဘာပြောဖူးသလဲဆိုတာ အားလုံးသတိရမှာပါ။

အဲဒီတော့ ရုရှားပြည်မှာ တော်လှန်ရေးဖြစ်၊ မြေရှင်တွေ အာဏာရှင်တွေကို အကုန်လုံး ကွန်မြူနစ်ပါတီက တိုက်ခိုက်ချေမှုန်း၊ ဘာသာရေးအဖွဲ့အစည်းတွေအကုန်လုံး ချေမှုန်းတော့ လီနင်ရဲ့ ကွန်မြူနစ်ပါတီကြီးက ဥရောပထဲကို စိမ့်ပြီးတော့ တဖြည်းဖြည်းနဲ့ ဝင်လာတယ်။ ဟန်ဂေရီတို့၊ ဘူဂေးလ်ရီးယားတို့၊ ရူမေနီးယားတို့၊ ပိုလန်တို့ ကွန်မြူနစ် ဖြစ်ကုန်တယ်။

www.dhammaransi.com



ဆိုဗီယက်ယူနီယံဆိုတာကို ပြန်ကြည့်၊ နိုင်ငံပေါင်း (၁၅)နိုင်ငံလောက်ကို သိမ်းပြီးတော့ ကွန်မြူနစ်လက်အောက် ထည့်ထားတယ်။ အဲတော့ ဘယ်မှာ လှုပ်လှုပ်ဖြစ်သလဲဆိုတော့ ကွန်မြူနစ်ဝါဒကြီး ဥရောပကို စိမ့်ဝင်တဲ့အချိန်မှာ အီတလီနိုင်ငံရောမမြို့က ပုပ်ရဟန်းမင်းကြီးရဲ့ နန်းတော်ကြီး လှုပ်လှုပ် လှုပ်လှုပ် ဖြစ်လာတယ်။ ပုပ်ရဟန်းမင်းကြီးရဲ့ နန်းတော်ကြီး လှုပ်လှုပ် လှုပ်လှုပ်ဖြစ်လာတော့ ကွန်မြူနစ်သာ ဒို့တိုင်းပြည်ကို လွှမ်းမိုးရင် ပုပ်ရဟန်းမင်းကြီးရဲ့ ဘဝတောင် ဘယ်လိုနေရမှန်းမသိဘူး။

**ဘာသာရေးဖြင့် နိုင်ငံရေးပါတီထောင်**

အဲဒီတော့ ဘာထလုပ်သလဲဆိုတော့၊ ဗာတီကန်နန်းတော်ရှိရာ ရိုမန်ကက်သလစ် ဘုန်းတော်ကြီးများနဲ့ တိုင်းသူပြည်သားတို့ ပေါင်းပြီးတော့ Anti-Communism ကွန်မြူနစ် ဆန့်ကျင်ရေးဝါဒ စတင်ပြီးတော့ သူတို့ကြိုးပမ်းကြတာ။ ကွန်မြူနစ်ကိုဆန့်ကျင်ရင် ဘာသာရေးနဲ့ တိုက်မှရမယ် ဆိုပြီးတော့ နိုင်ငံရေးပါတီတွေ ထူထောင်တော့ Christian Democratic Party ၊ ပရိသတ်ရေ ပြန်ပြောမယ်။ ရောမမှာ ဘာထူထောင်လဲ။ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီ၊ ဘာသာရေးသည် နိုင်ငံရေးထဲကို သေသေချာချာ ဝင်သွားတာ မဟုတ်လား။ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီထူထောင်ပြီး ချလိုက်တော့မှ ရောမကို ကွန်မြူနစ် မဝင်နိုင်တော့ဘဲ နောက်ပြန်ဆုတ်သွားကြတာ။ အဲဒီတော့ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီ အီတလီမှာ(၁၉၁၉)ခုနှစ်က ထူထောင်ပြီးတော့ ပေါ်ပြူလာ အဖြစ်ဆုံးနဲ့ မဲအရဆုံးဟာ အဲဒီခရစ်ယာန် ဒီမိုကရက်တစ်ပါတီပဲ ဖြစ်ပါတယ်။ ဂျာမနီက ဘာထူထောင်လိုက်သလဲဆိုတော့ Christian Democratic Union ဆိုပြီး ဂျာမနီက ထူထောင်လိုက်တယ်။ ဂျာမနီလည်း ကွန်မြူနစ်လွှမ်းမိုးခြင်းကို မခံလိုက်ရဘူး။ တစ်နိုင်ငံလုံးကိစ္စ၊ တစ်မျိုးသားလုံးကိစ္စ၊ အမျိုးသား ရေးကိစ္စမှာ တပည့်တော်တို့ သံဃာတော်အရှင်မြတ်တွေ မျက်စိကျယ်ကျယ်၊ နားကျယ်ကျယ် ဖွင့်ထားပြီးတော့ အနာဂတ်ကို အရှည်မျှော်ပြီးတော့ သတိရှိရှိနဲ့ စောင့်ကြည့်တော်မူကြပါ ဆိုတာကို တပည့်တော်လျှောက်ပါတယ်။

အဲဒါ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီဆိုတာ ဥရောပတစ်ခွင်လုံး ပျံ့သွားတယ်။ အီတလီတို့၊ ဂျာမနီတို့၊ ဆွစ်ဇာလန်တို့ကို ကွန်မြူနစ်တွေ မဝင်နိုင်ဘဲ ဖြစ်သွားတယ်။ အဲဒီ တော့ တပည့်တော်လျှောက်တာ၊ သံဃာတော် အရှင်မြတ်တွေ နိုင်ငံရေးထဲ ပါရမယ်လို့

www.dhammaransi.com



လျှောက်ခြင်း မဟုတ်ပါ။ သတိရှိရှိနဲ့ စောင့်ကြည့်ဖို့ တပည့်တော်လျှောက်တာပါ။ ခုနက ပြောထားပြီးပြီ။ ဘီလုံးငှက်က သူ့နယ်မြေဘယ်မှာလဲ။ လယ်ထဲက ထယ်ခဲ။ စွန်ရဲ့နယ်မြေက ဘယ်မှာလဲ။ ကောင်းကင်။ ကိုယ့်စားကျက်မှာ ကိုယ်နေပြီးတော့ စောင့်ကြည့်ဖို့ လျှောက်ထားခြင်း ဖြစ်ပါတယ်။ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီ ဒီကနေ့ ဥရောပတစ်ခွင်မှာ အဲဒါတွေ အရိပ်အမြွက် ကျန်လျက် ရှိပါသေးတယ်။

## လူမှုရေးဆောင်ရွက်ကြပုံ

နောက်တော့ ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတဲ့ အခါကျတော့ တိုင်းရေးပြည်ရေး တည်ငြိမ်မှုတွေ ပြန်လည် ရရှိတဲ့အချိန်မှာ ရိုမန်ကက်သလစ် ဘုန်းတော်ကြီး (Roman Catholic)များက ဒို့တစ်တွေ နိုင်ငံရေးမှာ ဝေးဝေးနေပြီးတော့ လူမှုရေးပဲ ဆောင်ရွက်ကြအောင် ဆိုပြီး လူမှုရေးကို နှစ်မျိုးဆောင်ရွက်ပါတယ်။

တစ်မျိုးက ဘာလဲဆိုတော့ တိုင်းပြည်မှာ လူမှုရေးတရားမျှတမှု(Social unjustice) တွေ တိုင်းပြည်မှာ အများကြီးဖြစ်နေတယ်။ Social unjustice လူမှုရေးရာကိစ္စတွေမှာ တရားမမျှတမှုတွေ အများကြီးရှိတယ်၊ တပည့်တော်တို့တစ်တွေ အဲဒါတွေကို လူမှုရေး တရားမျှတမှု(Social Justice)တွေ ဖြစ်အောင် လုပ်မယ်ဆိုပြီးတော့ ရိုမန်ကက်သလစ် ဘုန်းတော်ကြီးများ ဆောင်ရွက်ကြတယ်။

နောက်တစ်ခါ လူမှုရေးကိစ္စတွေမှာ လူတွေဟာ စားရေး၊ ဝတ်ရေး၊ ဆင်းရဲ ကြပ်တည်းမှုတို့၊ ခုလိုရေဘေးတို့၊ လေဘေးတို့၊ မုန်တိုင်းဘေးတို့ ဘေးဒုက္ခရောက်ရင် လူတွေဟာ စားရေး၊ နေရေး၊ ဝတ်ရေးတွေ အလွန်ဆင်းရဲ ကြပ်တည်းကြတယ်။ အဲဒီလိုကိစ္စတွေမှာ ဒို့များ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြမယ်။ Social Welfare လူမှုရေး၊ စီးပွားရေးတွေ ပြေလည်မှုရအောင် ကူညီဆောင်ရွက်မယ်။ တရားမမျှတဲ့ ကိစ္စကို တရားမျှတအောင် ဆောင်ရွက်မယ်ဆိုပြီးတော့ နိုင်ငံရေးမှာ ဝေးဝေးရှောင်ပြီးတော့ ရိုမန်ကက်သလစ် ဘုန်းတော်ကြီးဟာ

(၁) Social justice

(၂) Social Welfare လူမှုရေးရာ မတရားမှုများနှင့် လူမှုရေးဆင်းရဲမွဲတေမှုများကို

www.dhammaransi.com



ဆောင်ရွက်သွားကြတာ ဒီကနေ့ အဲဒီအရေးနှစ်ပါးကို ဆောင်ရွက်သွားတဲ့ ရိုမန်ကက်သလစ် ဘာသာဟာ ကမ္ဘာမှာ ကျယ်ပြန့်တဲ့ ဘာသာတစ်ခု ဖြစ်လာပါတယ်။

**ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား---**

ရုရှားပြည် အောက်တိုဘာ တော်လှန်ရေးက စပြီးတော့ ဥရောပတစ်ခွင်လုံးက ဘာသာရေးတွေကို ခြိမ်းခြောက်ခံရတဲ့အခါမှာ ရိုမန်ကက်သလစ် ဘုန်းတော်ကြီးတွေဟာ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီဆိုတာ တည်ထောင်ပြီးတော့ တိုင်းသူပြည်သားတွေနဲ့ လက်တွဲပြီးတော့ ဘာသာတရားတွေ မပျောက်ကွယ်အောင် ထိန်းသိမ်းစောင့်ရှောက်သွားတော်မူကြသလိုပဲ၊ တပည့်တော်တို့ မြန်မာနိုင်ငံတော်မှာလည်း ဗုဒ္ဓဘာသာ (၉၅)ရာခိုင်နှုန်းကိုးကွယ်တဲ့ ဒီဗုဒ္ဓဘာသာကိုလည်းပဲ အမျှော်အမြင်ကြီးစွာနဲ့ ကာကွယ်စောင့်ရှောက်တော်မူကြရန် ဖြစ်ကြောင်း၊ အဲဒီလို အရေးကိစ္စတွေပြီးသွားလို့ရှိရင်လည်း Social Justice ဆိုတဲ့ကိစ္စနှင့် Social Welfare ကိစ္စမှာ ဘာသာရေးနှင့် သာသနာရေး လက်တွဲဆောင်ရွက်သွားကြပါ ဆိုတဲ့အကြောင်းကို ဘုရားတပည့်တော် ရိုသေစွာ လျှောက်ထားပါတယ်။

**နိဂုံးချုပ်**

ဘုရားတပည့်တော် နိဂုံးချုပ်ရမယ်ဆိုရင် အားလုံး လောက၊ ဓမ္မနှစ်ဌာနမှာ ဓမ္မဝိနယနှင့် လျော်ညီစွာ ကျင့်သုံးပြီးတော့ အစွန်းနှစ်ဖက်လွတ်အောင် ရှောင်ပြီးတော့ သာသနာ့အကျိုးနှင့် ပြည်သူပြည်သားတို့ရဲ့အကျိုးကို ဆောင်ရွက်တော်မူကြဖို့ ဖြစ်ပါတယ်။

**အစွန်းနှစ်ဖက်ဟူသည်**

အစွန်းနှစ်ဖက်ကို ပြောတဲ့အခါမှာ ပြောစရာ နည်းလမ်းတွေ အများကြီးရှိပါတယ်။ ဒီကနေ့တော့ ဘုရားတပည့် နှစ်မျိုးပဲပြောပါရစေ။

"ပိယ" ဆိုတာ အစွန်းတစ်ဖက်၊ "အပ္ပိယ" ဆိုတာလည်း အစွန်းတစ်ဖက်။ "ပိယ" ဆိုတာက ချစ်တာ။ "အပ္ပိယ" ဆိုတာက မုန်းတာ ။ "ပိယ" ဆိုတာက တစ်ယောက်ယောက်ကို ချစ်ပြီးတော့ မျက်နှာသာ ပေးတာ။ "အပ္ပိယ" ဆိုတာက တစ်ယောက်ယောက်ကို မုန်းပြီးတော့ ဖိနှိပ်၊ ရှုတ်ချ၊ ပုတ်ခတ်တာ။ အဲဒါကြောင့် ချစ်သူလည်း မထားဖို့ အရေးကြီးပါတယ်။ မုန်းသူမှလည်း လွတ်အောင် ရှောင်ဖို့ အရေးကြီးပါတယ်။

www.dhammaransi.com



သိကြားမင်း မြတ်စွာဘုရားကို မေးဖူးတယ်လေ။ ဘေးရန်ကင်းကွာ ချမ်းသာစွာ နေရပါလို၏။ လူတွေ ဆုတောင်းတယ်။ ဆုတောင်းမပြည့်ဘူး။ ဘေးရန်တွေသိပ်များတယ်။ အဲဒါဘာဖြစ်လို့လဲ။ ဣဿာ၊ မစ္ဆရိယကြောင့်။ ဣဿာ၊ မစ္ဆရိယ ဘာကြောင့်ဖြစ်သလဲ။ ချစ်ခြင်းနဲ့ မုန်းခြင်းကြောင့်။ ချစ်သူကို Favour ပေးလိုက်လို့ ရှိရင်၊ မုန်းသူကိုတော့ Pressure ပေးများပေါ့။ ချစ်သူကို favour ပေးခြင်းမှာလည်း ရှောင်ပါ၊ မုန်းသူကို Pressure ပေးခြင်းမှလည်း ရှောင်ပါ၊ တကယ်တော့ ချစ်ခြင်းနဲ့ မုန်းခြင်းမှ လွတ်အောင်ရှောင်-အလယ်လမ်းက လျှောက်ကြဖို့ပါ ဘုရား။ အဲ့ဒီ နှစ်မျိုးမှ လွတ်အောင်ရှောင်ပြီးတော့ ဓမ္မဝိနယနှင့်အညီ တိုင်းကျိုး၊ ပြည်ကျိုး၊ သာသနာအကျိုးကို ဆောင်ရွက်တော်မူသွားကြပါ လို့ဆိုတဲ့ အကြောင်းကို ဘုရားတပည့်တော် အလေးအနက် လျှောက်ထားပါတယ်။

**မပြောတာကို ပြောတယ်လို့၊ ပြောတာကို မပြောဘူးလို့ မလုပ်ကြပါနဲ့**

နောက်တစ်ချက်ကတော့ ရှေးဦးစွာ story လေးကို ပြောပါ့မယ်။ သာတိဆိုတဲ့ ရဟန်း၊ အဲဒီရဟန်းတော်ဟာ သံဃာတော်အရှင်မြတ်တွေ တွေ့တိုင်း သူလျှောက်ပြောတယ်။ ဘာလျှောက်ပြောလဲဆိုတော့၊ မြတ်စွာဘုရားက လူရဲ့ဝိညာဉ်တစ်ခုသည် မပျက်မစီး၊ Eternal Consciousness သည် မပျက်မစီးသော ဝိညာဉ်သည် သံသရာမှာ တစ်ဘဝမှ တစ်ဘဝသို့ လည်နေတယ်။ ဒါ အတ္တဝါဒ။ အဲဒါ မြတ်စွာဘုရားဟောတယ်။ ဘုရားဟောတာကို သူ သိတယ်ဆိုပြီး ဟိုကိုယ်တော်ပြော၊ ဒီကိုယ်တော်ပြော လျှောက်ပြောတယ်။ ပြောတော့ သံဃာတော် အရှင်မြတ်တွေက ဟေး သာတိ၊ မြတ်စွာဘုရားက ရုပ်ရော၊ ဝေဒနာရော၊ သညာရော၊ သင်္ခါရရော၊ ဝိညာဉ်ရော မပျက်မစီးဘဲ သံသရာ လည်တယ်ဆိုပြီး ဒို့ဘုရား မဟောဘူး။

ဘာဝိညာဉ်ဖြစ်ဖြစ် ဝိညာဉ်မှန်သမျှ ပျက်စီးတဲ့ အထဲမှာ ရှိတယ်။

**"မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ"**

မြတ်စွာဘုရားကို မဟုတ်တဲ့စကားတွေနဲ့ မစွပ်စွဲပါနဲ့။

**"န ဟိ သာဓု ဘဂဝတော အဗ္ဘက္ခာနံ"**

ဘုရားမဟောတာကို ဘုရားဟောတယ်လို့ စွပ်စွဲခြင်းဟာ မကောင်းဘူး။

www.dhammaransi.com



(မဟာတဏှာသင်္ခယသုတ်၊ မဇ္ဈိမနိကာယ်)

သာတိရဟန်းကို ဆုံးမပြီးတော့ ဘုရားထံပို့ရတယ်။ ဒီဝတ္ထုဒီမှာပဲထား။

တပည့်တော် ပြောချင်တာက တိုင်းပြည်မှာနေကြတဲ့ လူတွေ အထူးသဖြင့်တော့ Website တို့၊ Facebook တို့မှာ ရေးတင်ကြတဲ့လူတွေ၊ ဂျာနယ်တွေ မဂ္ဂဇင်းတွေမှာရေးကြတဲ့ ပုဂ္ဂိုလ်တွေ၊ "မပြောတာကို မပြောတဲ့အတိုင်းဘဲ ရေးပါ။ ပြောတာကို ပြောတဲ့အတိုင်းရေးပါ။ မပြောတာတွေကို ပြောတယ်လို့ လုပ်ပြီးတော့၊ ပြောတာတွေကို မပြောသလိုလုပ်ပြီးတော့ ပြောင်းပြန်မလုပ်ကြပါနဲ့" ဆိုတာ အဲ့ဒါ အထူးပဲ မေတ္တာရပ်ခံချက်ပါတယ်။

## ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူ(၅)ချက်

နောက် နိဂုံးစကားကဘာလဲဆိုတော့ အမျိုးဘာသာ၊ သာသနာ စောင့်ရှောက်ရေး အဖွဲ့ရဲ့ ဒီအမျိုးဘာသာ၊ သာသနာ စောင့်ရှောက်ရေးဥပဒေ (၄)ရပ်၊ ဘယ်လိုပဲ ပြဋ္ဌာန်းလိုက်စေကာမူ နောက် ဒါထက်တိုး၍တိုး၍ ဥပဒေတွေ လာချင်လည်း လာပါစေဦး၊ တပည့်တော်တို့ ဘုရားသားတော် သံဃာတော်တွေဟာ မြန်မာ့မြေပေါ်မှာရှိကြတဲ့ တခြားဘာသာတရားတွေနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ၍ နေထိုင်သွားကြမည် ဖြစ်တဲ့အကြောင်း တပည့်တော် ဒီနေရာကနေ ပြီးတော့ သံဃာတော်များကို လျှောက်ပါတယ်။ တိုင်းပြည်ကိုလည်း ကြေညာပါတယ်။ ပရိသတ်များကိုလည်း ပြောပါတယ်။ တခြား ဘာသာဝင်များကိုလည်း ကြေညာပါတယ်။

(၁) Let's establish mutual understanding between religions.

ဘာသာတရားအချင်းချင်း အပြန်အလှန် ချစ်ခင်နားလည်မှုတည်ဆောက်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်သွားကြပါစို့။

(၂) Let's establish mutual respect for each other.

ဘာသာတရားအချင်းချင်း အပြန်အလှန် လေးစားယုံကြည်မှု တည်ဆောက်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်သွားကြပါစို့။

(၃) Let's practise non-interference in matters of other religions.

ဘာသာတရားအချင်းချင်း ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်းမပြုဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားကြပါစို့။

www.dhammaransi.com



(၄) Let's build a peaceful society by avoiding violence.

ဘာသာတရားအချင်းချင်း အကြမ်းဖက်မှုများကို ရှောင်ရှား၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားကြစို့။

(၅) Let's enjoy peaceful co-existence through great tolerance.

ဘာသာတရားအားလုံးတို့ ကြီးကျယ်မြင့်မြတ်သော ခန္တီတရား လက်ကိုင်ထား၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားကြပါစို့။

ဒီအချက်(၅)ချက်ကို ဘုရားတပည့်တော် ဒီကနေ့ ဒီနေရာကနေ ကြေညာပါတယ်။

၁၉၅၄ ခုနှစ်က သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့မှာ မြန်မာနိုင်ငံကဝန်ကြီးချုပ် ဦးနု (U Nu) ရယ်၊ အိန္ဒိယဝန်ကြီးချုပ် နေရူး(Jawaharlal Nehru)ရယ်၊ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း(Zhou Enlai) ရယ်၊ အဲဒီဝန်ကြီးချုပ်သုံးယောက် ခေါင်းဆောင်ပြီးတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူငါးချက် Five Principles of Peaceful Coexistence ဆိုတာကို ချမှတ်သလိုပဲ ဒီကနေ့ အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့ကြီးကလည်း ဒီအတိုင်းပဲ ကျင့်သုံးသွားမှာပါ။

တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရအောင် ယူမယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး ဆက်ဆံမယ်။ တစ်ဘာသာက တစ်ဘာသာထဲကို ဝင်ရောက်စွက်ဖက်ခြင်း ဘာမှမပြုဘူး။ ပဋိပက္ခဖြစ်တာကို ကြိုးစား၍ ရှောင်မယ်။ ကြီးမားသော သည်းခံခြင်းနှင့် ဒီဗမာ့ မြေပေါ်မှာ ဘယ်ဘာသာဝင်များနှင့်မဆို တပည့်တော်တို့အားလုံး ငြိမ်းငြိမ်းချမ်းချမ်းနေသွားကြပါစို့လို့ ငြိမ်းချမ်းရေးမူ(၅)ချက်ကို ကြေညာရင်း ဘုရားတပည့်တော်ရဲ့ ဩဝါဒကထာကို ဤမှာပဲ နိဂုံးကမွတ် အဆုံးသတ်ရပါကြောင်း ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား။

**သာဓု … သာဓု … သာဓု**

**"သူတော်ကောင်းတရား နေရာတိုင်းမှာ ထွန်းတောက်ပါစေ"**


**"ငါတို့နေရာ ဤကမ္ဘာငြိမ်းချမ်းသာယာရှိပါစေ"**

သီတဂူဆရာတော်

www.dhammaransi.com



# သူတော်ကောင်းတို့၏စရိုက်



◆ အမွေးတိုင်မှာ၊ ပြာဖြစ်သည်ထိ
မိမိရနံ့၊ မွှေးပျံ့ကြိုင်စွာ
ပေးသွားရှာ၏။

◆ သစ်ပင်ကြီးလည်း၊ ခုတ်လှဲသူအား
မျက်မထားဘဲ၊ လဲသွားသည်ထိ
မိမိအာဝါသ၊ အေးမြစေရန်
ပေးသွားပြန်၏။

◆ ဗုဒ္ဓလောင်းလျာ၊ ကပ်ကမ္ဘာအသချေ
ပါရမီတွေကို၊ များထွေသတ္တဝါ
ဝေနေယျအတွက်၊ မိဋ္ဌာန်ချက်ဖြင့်
အသက်ပေးကာ၊ မေတ္တာကြီးမား
ကယ်မသွား၏။


◆ သဒ္ဓါသီလ၊ သုတ စာဂ
ပညာ ဟိရီ ဩတ္တပ္ပမည်ပြား
ခုနစ်ပါးလျှင်၊ သူတော်စင်၏
ပကတိစရိုက်၊ နှစ်ခြိုက်လိုလား
ကျင့်ကြံသွားသည့်၊ လောကီလောကုတ်
မယုတ်သေချာ၊ ချမ်းသာအပေါင်း
ရကြောင်းမှန်စွာ၊ သူသူငါငါ
သိကျင့်ရာသတည်း။

ဖြူသီးအောင်
(ကျောက်ဖြူ)

www.dhammaransi.com



# ပြုလွယ် နှင့် ပြုခက်




- အကျိုးမဲ့ ဆိုပါက
  ပြုလွယ်ကြ မှန်စွာ။
  အကျိုးရှိ လုပ်ဆောင်ချက်
  ပြုခက်လှတာ။

- အကျိုးမဲ့ ရှောင်ကြဥ်ကာ
  ကျိုးရှိမှာ လွန်ကောင်း။
  ဤနှစ်ဖြာ မှတ်သတိ
  သိကြစေကြောင်း။

- ကောင်းကံနဲ့ မကောင်းကံ
  ဆင်ခြင်ကာ ထိုနှစ်ဝ
  သိကြအမှန်။
  မကောင်းမှု စိတ်အကြံ
  ပြုဖို့ရန် ဝန်မလေး။

- ကောင်းမှုကံ ဆိုပါက
  ပြုခက်လှသေး။

ငွေသစင် (သံတွဲ)



# အလှဂုဏ်ပွား

အညံ့စား စိတ်ထားဖြင့်
အမြွတ်စား ထိပ်တန်းမရောက်ပါ။

ရောက်ရိုးထုံးစံ ဘယ်မရှိ
သိမှတ်စေရာ။
"အမြွတ်စား"

ထပ်မနား "လုံ့လ" ကိုဖြင့်
အသုံးချမှ ထိပ်တန်းမဟာ
ရိုပ်နန်းဖြာ "စံ" ရလိမ့်တကား။

နိဒါနဝဂ္ဂသံယုတ်ဝယ်
အမှန်ထုတ် လာရှိသည်မို့
သဒ္ဓါပြည့်စွာ "လုံ့လ" သုံးလို့ရယ်
(ဆွေသဟာတို့ရေ)
ပြိုး.... အလှဂုဏ်ပွါး ။ ။

ကာန့်ဘာလူ - မြူစင်ပင်း

www.dhammaransi.com



# မိလိန္ဒပဉှာ

## ကုသိုလ်အားနှင့် အကုသိုလ်အား ဘယ်သင်းက များပါသနည်း

''အရှင်နာဂသေနဘုရား၊ ကုသိုလ်အားနှင့် အကုသိုလ်အားတို့တွင် ဘယ်သင်းက ပို၍ များပြားပါသနည်း''

''မင်းမြတ်၊ ကုသိုလ်အားသည် များပြား၍ အကုသိုလ်အားသည် နည်းပါး၏''

''အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့်ပါနည်း''

''မင်းမြတ်၊ အကုသိုလ်မှု ပြုမိသောသူသည် မိမိပြုခဲ့သည်ကို ပြန်လည်တွေးတောကာ ဝမ်းမြောက်ဝမ်းသာဖြစ်မလာပေ။ ထို့ကြောင့် အကုသိုလ်အားသည် မတိုးပွားပေ။ ကုသိုလ်ကောင်းမှု ပြုရသောသူသည်ကား စိတ်ပူပန်မှုမရှိဘဲ ပကတိအေးမြနေ၏။ စိတ်ကြည်လင်ရွှင်ပျနေ၏။ စိတ်ကြည်လင် ရွှင်ပျသူသည် ဝမ်းမြောက်ရ၏။ ဝမ်းမြောက်သူသည် နှစ်သိမ့်ရ၏။ နှစ်သိမ့်သူ၏ကိုယ်သည် ငြိမ်းချမ်း၏။ ကိုယ်ငြိမ်းချမ်းသူသည် ချမ်းသာ၏။ ချမ်းသာသူ၏ စိတ်သည်တည်ငြိမ်၏။ စိတ်တည်ငြိမ်သူသည် ဟုတ်မှန်သောသဘောတရားကိုသိမြင်၏။ ထိုအကြောင်းကြောင့် ကုသိုလ်ကောင်းမှုသည် တိုးပွား၏။ မင်းမြတ်၊ ခြေရောလက်ပါပြတ်နေသော ယောကျာ်းတစ်ယောက်သည် မြတ်စွာဘုရားအား ကြာလက်ကြာနိုင်တစ်ခုကို ပေးလှူရကာမျှဖြင့် ကိုးဆယ့်တစ်ကမ္ဘာ အပါယ် မလားရချေ။ ဤအကြောင်းကြောင့်လည်း ကုသိုလ်အားသည်များပြား၏။ အကုသိုလ်အားသည် နည်းပါး၏ဟု ငါဆိုခဲ့ပါ၏''

''အရှင်ဘုရား၊ သင့်လျော်လှပါပေ၏''

**မကောင်းမှုကို သိလျက်ပြုသူနှင့် မသိ၍ပြုသူတို့တွင် မည်သူက အပြစ်ကြီးသနည်း**

''အရှင်နာဂသေနဘုရား၊ မကောင်းမှုကို သိလျက် ပြုသူနှင့် မသိ၍ ပြုသူတို့တွင် အဘယ်သူ၏ အကုသိုလ်က ပို၍ အားကောင်းပါသနည်း။''

**စာမျက်နှာ(၂၇)သို့**

www.dhammaransi.com



ဗုဒ္ဓဘာသာဆန္ဒရှင် ပုစ္ဆာသီးလေးပါးရှင်တို့အတွက်

# ရဟန်းကောင်း ရဟန်းမြတ်တို့၏ တာဝန်

ဓမ္မဝီရ

အလားတူ-ဒုဿီလရဟန်းတို့နှင့် ပတ်သက်၍ အာဒိတ္တပရိယာယသုတ်၌-

၁။ ရဲရဲညီးသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွ ခြစ်ခြစ်တောက်သော သံချောင်းဖြင့် မျက်စိ ထိုးဖေါက်ခံရခြင်းက မြတ်သေး၏။

မျက်စိဖြင့် မြင်ရသောယောကျ်ား မိန်းမ အာရုံ၌ သာယာသောအားဖြင့် ယူခြင်းသည် သေသော် ငရဲ-တိရစ္ဆာန်တို့သို့ လားရာဂတိရှိ၏။

၂။ ရဲရဲညီးသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွသော ချွန်ထက်သော သံချွန်ဖြင့်နားကို ထိုးဖေါက်ခြင်းက မြတ်သေး၏။

နားဖြင့် ကြားသိအပ်သော ယောကျ်ား အသံ မိန်းမအသံ စသော အာရုံကို သာယာသောအားဖြင့် ယူခြင်းသည် သေသော် ငရဲ-တိရစ္ဆာန်တို့သို့ လားရာဂတိရှိ၏။

၃။ ရဲရဲညီးသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွသော ထက်လှစွာသော လက်သည်းလှီးဓားဖြင့် နှာခေါင်းတို့ကို ဖေါက်လှီးချခံရခြင်းက မြတ်သေး၏။

နှာခေါင်းဖြင့် နံသိအပ်ကုန်သော ယောကျ်ား မိန်းမ စသောအာရုံကို သာယာသောအားဖြင့် ယူခြင်းသည် သေသော် ငရဲ-တိရစ္ဆာန်တို့သို့ လားရာဂတိရှိ၏။

၄။ ရဲရဲညီးသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွသော ထက်လှစွာသော သင်စုန်းဓားဖြင့် လျှာကို အရင်းမှ လှီးဖြတ်ခြင်းက မြတ်သေး၏။

လျှာဖြင့်လျက်သိအပ်သော ယောကျ်ား မိန်းမအရသာစသော အာရုံကို သာယာ

www.dhammaransi.com



သောအားဖြင့် ယူခြင်းသည် သေသော် ငရဲတိရစ္ဆာန်တို့သို့ လားရာဂတိရှိ၏။

၅။ ရဲရဲညီးသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွသော ထက်လှစွာသော လှံဖြင့် ကိုယ်ကိုထိုးဆွ ခံရခြင်းက မြတ်သေး၏။

ကိုယ်ဖြင့်တွေ့ထိအပ်သော ယောကျ်ား အတွေ့ မိန်းမအတွေ့ စသော အာရုံကို သာယာသောအားဖြင့် ယူခြင်းသည် သေသော် ငရဲတိရစ္ဆာန်တို့သို့ လားရာဂတိရှိ၏။

ရဟန်းတို့- အိပ်ပျော်နေခြင်းက မြတ်သေး၏။ အိပ်ပျော်နေခြင်းကို မြဲခြင်း- အကျိုးမရှိခြင်း-ဗီဇတွေဝေခြင်း ဟူ၍ ငါဟော၏။

အကြင်သို့ သဘောရှိသော အကြံ အစည်အလိုသို့လိုက်လျက် သံဃာကို သင်းခွဲရာ၏။ ထိုသို့ သဘောရှိသော အကြံသည် မသင့်တော်ရာ။

တရားတို့၌အကြားအမြင်ရှိသော အရိယာတပည့်သည်။

ထက်လှစွာသော သံချောင်းဖြင့် မျက်စိ ထိုးဖောက်မှု၊

ထက်လှစွာသော သံချွန်ဖြင့် နားကို ထိုးဖေါက်မှု၊

ထက်လှစွာသော လက်သည်းလှီးဓားဖြင့် နှာခေါင်းကို လှီးဖြတ်မှု၊

ထက်လှစွာသော သင်စုန်းဓားဖြင့် လျှာအရင်းကို ဖြတ်မှု၊

ထက်လှစွာသော လှံဖြင့် ကိုယ်ကို ထိုးမှု၊

အိပ်ပျော်နေခြင်းတို့ကိုထား၍

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့ သည်မမြဲ

အဆင်း, အသံ, အနံ့, အရသာ အတွေ့အထိတို့သည် မမြဲ၊

မျက်စိအသိ၊ နားအသိ၊ နှာခေါင်း အသိ၊ လျှာအသိ၊ ကိုယ်အသိတို့သည်မမြဲ၊

မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်း အတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့တို့ သည် မမြဲ၊

www.dhammaransi.com



စိတ်သဘောတရား၊ စိတ်အသိ၊ စိတ်အတွေ့တို့သည် မမြဲဟု ယခု ငါနလုံးသွင်းနေအံ့ဟု ဆင်ခြင်၏။ ထိုအရိယာတပည့်သည် ထိုအရာအားလုံးအပေါ်၌ ငြီးငွေ့မည် အကြောင်းကြောင့် ဖြစ်ပေါ်လာသော ချမ်းသာဆင်းရဲ လျစ်လျူရှု ခံစားမှုတို့ငြီးငွေ့မည်။

ငြီးငွေ့သော် စွဲမက်မှုကင်းမည်၊ စွဲမက်မှုကင်းက ကိလေသာမှ လွတ်မြောက်မည်။

ကိလေသာမှလွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်၏။ ပဋိသန္ဓေနေခြင်းကုန်ပြီ၊ မဂ်ကိစ္စ အလို့ငှါ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏။

**သံဃာဂုဏ်တော်ကို အဖန် တလဲလဲ အောက်မေ့သူ၏ ကောင်းကျိုး**

သံဃာတော်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင်၏။ ဝမ်းမြောက်ခြင်းဖြစ်၏၊ ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။

ဝိသာခါ ဤအရိယာတပည့်ကို

- သံဃာ့ဂုဏ်ကို အောက်မေ့ကျင့်သုံးခြင်း၊
- သံဃာဉပုသ်ကိုသုံးသူ
- သံဃာတော်နှင့်အတူ နေသူ၊
- သံဃာတော်ကို အာရုံပြု၍ စိတ်ကြည်လင်မှု၊
- ဝမ်းမြောက်ခြင်းဖြစ်သူ၊
- စိတ်ညစ်ညူးကြောင်း ကိလေသာပျောက်ကင်းသူ

ဟု ဆိုအပ်၏၊ ထိုသံဃာရတနာကို ဘုန်းကံကြီးသူတို့သာ ဖူးတွေ့နိုင်သည်၊ ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် သံဃာရတနာသည် ဘုန်းကံရှိသူတို့၏ ကိုးကွယ်ရာဖြစ်၏။

(အင်္ဂုတ္တိုရ်-တိကနိပါတ ဉပေါသထသုတ်)

**ပေါ့လျော့သော ရဟန်းဘဝ အပြစ်နှင့် မြဲမြံတင်သောရဟန်းဘဝ အပြစ်**

ရဟန်းဘဝဟူသည် သိက္ခာကို ဖြည့်ကျင့်မှု၌ ပေါ့ပေါ့လျော့လျော့ စိတ်မထားဘဲ တင်းတင်းမာမာ ထက်ထက်သန်သန် စိတ်ခတ်ထားနိုင်သူတို့၏ နေရာဘဝဖြစ်သည်။

www.dhammaransi.com



ထိုသို့ စိတ်မထားနိုင်ဘဲ သီလသိက္ခာကို ပေါက်ပေါက်ကြားကြားနှင့် စိတ်အားလျော့၍ ပေါ့ပေါ့တော့တော့ ဖြစ်နေလျှင် ထိုရဟန်းဘဝသည် မဲမဲကိုပြန်၍ နှိပ်စက်ကာ အပါယ်ငရဲသို့ ဆွဲချ လိမ့်မည်သာ ဖြစ်၏။

ဥပမာ- အကိုင်မတတ်သူသည် သမန်းမြက်ကို ကိုင်လျှင် ထိုသမန်းမြက်က ကိုင်သောလက်ကို ရှသကဲ့သို့ ဖြစ်လေသည်။

(ဓမ္မ-နိရယဝဂ်)

ရဟန်းဘဝ၌ ပေါ့ပေါ့ဆဆနေထိုင်ကာ သီလသိက္ခာကို ကောင်းစွာမဖြည့်နိုင်သူ၊ စိတ်ကို ငြိမ်သက်အောင် မထားနိုင်သူမှာ ပင်ကိုက ရှိနေသော ရာဂ, ဒေါသ, မောဟများ မစင်ကြယ်သည့်ပြင် ကာမရာဂမြူမှုန်တွေသည် လူ့ဘဝတုန်းကထက်ပင် ထကြွ၍ စိတ်အစဉ်မှာ ထကြွပြင်းထန်တတ်လေသည်။

ဥပမာ- အညစ်အကြေးဆေးရန် ရေကန်ဆင်းသူသည် ရွှံ့ညွှန်ရေကိုသာ ဆေးရသဖြင့်သာ၍ ညစ်ပေသကဲ့သို့တည်း။

(ဓမ္မပဒ-နိရဇသတ်)

ဓမ္မဝီရ

စာမျက်နှာ(၂၃)မှအဆက်

“မင်းမြတ်၊ မသိ၍ပြုသောသူ၏ အကုသိုလ်ကံကပို၍အားကောင်းပေ၏”

“အရှင်ဘုရား၊ ထိုသို့ဖြစ်ပါလျှင် မသိ၍ အကုသိုလ်ပြုသော မင်းသားကိုဖြစ်စေ၊ အမတ်ကိုဖြစ်စေ အပြစ်ဒဏ်နှစ်ဆ ပေးရပါမည်လော”

“မင်းမြတ်၊ ဤမေးခွန်းကို သင်မင်းမြတ်မည်သို့ မှတ်ယူပါသနည်း။ လောလောပူနေသော သံတွေခဲကို သိလျက်ကိုင်သူနှင့် မသိ၍ကိုင်သူတို့တွင် မည်သူသည် ပို၍အပူလောင်ခံရမည်နည်း။

“အရှင်ဘုရား၊ မသိ၍ ကိုင်မိသူက ပို၍ အပူလောင်ခံရပါလိမ့်မည်”

“မင်းမြတ်၊ ဤအတူသာပင် မသိ၍ ပြုသောသူ၏ အကုသိုလ်ကံကပို၍ အပြစ်ကြီးပေ၏”

“အရှင်ဘုရား၊ သင့်လျော်လှပါပေ၏”

www.dhammaransi.com



# မောရပရိတ်

နိုင်ကြည်မြင့် (သာသနဓဇဓမ္မာစရိယ)

ရှေးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ် မင်းလက်ထက်၌ ဘုရားလောင်းသည် ဗာရာဏသီမြို့တော်နှင့် မနီးမဝေးသော တောအုပ်တစ်ခု၌ ဥဒေါင်းမျိုး၌ ဖြစ်တော်မူသည်။ ဒေါင်းဥသည် မဟာလေ့ကား၊ ပန်းအဆင်းနှင့်တူ၍ ဥခွံမှပေါက်သောအခါ ဇမ္ဗူရစ်ရွှေစင်နှင့်တူသော အဆင်းရှိ၏။ အတောင်နှစ်ဘက်အကြား၌ ကမ္ဗလာနှင့်တူသော အဆင်းရှိ၍ အလွန်တင့်တယ်သည်။

ဥဒေါင်းမင်းသည် ငါသည်အလွန်လှပတင့်တယ်သော အဆင်းရှိသောကြောင့် လူတို့အနီး၌နေသော် အသက်မရှည်ရာ၊ အပေါင်းအဖေါ်များကိုခွာ၍ ဟိမဝန္တာတောင်သုံးလုံးအလွန် ဒဏ္ဍကမည်သော ရွှေတောင်သို့သွား၍ နေလေ၏။ ဘုရားလောင်းရွှေဥဒေါင်းမင်းသည် နေထွက်သောအခါ နေကိုကြည့်၍ "ဥဒေတယံ" ဂါထာကို ရွတ်လေသည်။

ရွတ်ပြီးသော် အစာရှာထွက်လေသည်။ နေဝင်သောအခါ တောင်ပေါ်သို့တက်၍ နေကိုကြည့်၍ "အပေတယံ"ဂါထာကို ရွတ်လေသည်။ ရွတ်ပြီးမှ အိပ်လေ၏။ ဤသို့ အမြဲရွတ်နေသောကြောင့် ဘေးဥပါဒ်အန္တရာယ်မရှိ၊ အစာရှာရလွယ်၏။ ကိုယ်စိတ်ချမ်းသာလေသည်။

တစ်နေ့မှာ ဗာရာဏသီဗြဟ္မဒတ်မင်းကြီး၏ ခေမာမည်သော မိဖုရားကြီးသည် ရွှေဥဒေါင်းမင်း တရားဟောသည်ကို နာရသည်ဟု အိမ်မက်မြင်မက်သဖြင့် ရွှေဥဒေါင်းမင်း တရားတော်ကို နာယူလိုကြောင်း မင်းကြီးအား လျှောက်လေသည်။

မင်းကြီးသည် ရွှေဥဒေါင်းမင်းနေသော နေရာဌာနကို ကြားဖူးသော မုဆိုးတစ်ယောက်ကို စေလွှတ်၍ ဖမ်းဆီးခိုင်းသော်လည်း ပရိတ်တော်၏အာနုဘော်ကြောင့် ဖမ်းမမိချေ။ မုဆိုးလည်း တော၌ပင် သေလေ၏။ မိဖုရားလည်း တောင်းတအာသာလိုရာမရသဖြင့် သေလေ၏။

ဗြဟ္မဒတ်မင်းကြီးသည် ရွှေဥဒေါင်းမင်းကြောင့် ငါ့မိဖုရားကြီး သေဆုံးရလေသည်ဟု ရန်ငြိုးထား၍ နောက်မင်းတို့လက်ထက် ဖျက်ဆီးရစ်စေခြင်းငှါ" ဟိမဝန္တာတော ဒဏ္ဍက ရွှေတောင်၌ရှိသော ရွှေဥဒေါင်းမင်း၏ အသားကို စားရသောသူတို့သည် မအိုမသေနေရ၏။ ရွှေဥဒေါင်းကိုရအောင် ဖမ်းယူပြီးလျှင် သတ်စားကြကုန်"ဟု ရွှေပြား၌ ကမ္ဗည်းစာရေးထားခဲ့၍ သေလေ၏။

www.dhammaransi.com



နောက်မင်းသည် ထိုစာကိုမြင်လျှင် မအို မသေနေလိုသောကြောင့် မုဆိုးတစ်ဦးကို ဖမ်းစေသည်။ ပရိတ်တော်၏ အာနုဘော်ကြောင့် မမိနိုင်၊ မုဆိုးနှင့်မင်းနှစ်ဦးလုံးပင် သေဆုံးကြပြန်၏။ ဤနည်းနှင့် မင်းခြောက်ဆက်တိုင်အောင် အနှစ်ခုနစ်ရာပတ်လုံး မုဆိုးအဆက်ဆက်တို့ ဖမ်းကြသော်လည်း မမိနိုင်ရှိလေသည်။

ခုနစ်ဆက်မြောက်သော မင်းလက်ထက်၌ ဖမ်းသောမုဆိုးသည်ကား အရုံအတားပရိက်တော်၏ အာနုဘော်ကြောင့် မမိနိုင်ဘဲရှိသည်ကို သိသောအခါ ဥဒေါင်းမတစ်ကောင်ကို လက်ခုပ်တီးသံဖြင့် ကအောင်၊ လက်ဖျစ်တီးသံဖြင့် တွန်အောင် သင်ပေးပြီးလျှင် ဥဒေါင်းမင်း ပရိတ်မရွတ်မီ နံနက်စောစောထကာ ဥဒေါင်းမကို အလယ်ကထား၍ ဘေးပတ်လည်မှ ကျော့ကွင်းများချထားပြီးနောက် ဥဒေါင်းမကို ကစေ၏။

ရွှေဥဒေါင်းမင်းသည် ဥဒေါင်းမ၏ သာသာယာယာမြည် တွန်သော အသံကိုကြားသောအခါ တပ်မက်စွဲလမ်း၍ လာသဖြင့် ပရိတ်ရွတ်ဖို့ရန် သတိမရတော့ဘဲ တောင်ထွတ်ပေါ်မှ ဆင်းသက်ကာ ဥဒေါင်းမထံ လာရောက်လေရာ ကျော့ကွင်း၌ မိလေ၏။

မုဆိုးသည် ရွှေဥဒေါင်းမင်းကို ဗာရာဏသီ ပြည်သို့ ဆောင်ယူ၍ မင်းကြီးအား ဆက်သလေ၏။ မင်းကြီးလည်း မြင်လျှင်မြင်ခြင်းပင် ချစ်ခင်မြတ်နိုး၍ မြတ်သောနေရာ၌ နေစေတော်မူ၏။

''မင်းကြီး... ကျွန်ုပ်ကို အဘယ်ကြောင့် ဖမ်းသနည်း'' ဥဒေါင်းမင်းက မေး၏။ ရွှေဥဒေါင်းမင်းအသားကို စားသောသူသည် မအို မသေနေရမည်ဟု ရွှေပြား၌ ရေးထားသောကမ္ပည်းစာ အဆိုရှိသောကြောင့် အသားကိုစားလို၍ ဖမ်းသည်ဟု မင်းကြီးကဆို၏။

''မင်းကြီး အကျွန်ုပ်အသားကို စား၍ မင်းကြီးသည် မအို မသေ ဖြစ်တန်စေ၊ အကျွန်ုပ်ကား သေရမည်မဟုတ်လော'' ဟု ဥဒေါင်းမင်းက မေး၏။

''ဟုတ်တယ်၊ သေရမှာအမှန်ဘဲ'' ဟု မင်းကြီးက ဆို၏။

''မင်းကြီး ကျွန်ုပ်သော်မှ သေရပြီးဟာ၊ ကျွန်ုပ်အသားကို စားသောသူသည် အဘယ်ကြောင့်မသေဘဲရှိမည်နည်း'' ဟု မေး၏။

''ရွှေဥဒေါင်းက ရွှေအဆင်းရှိသောကြောင့် ဖြစ်သည်'' ဟု မင်းကြီးကဆို၏။

''မင်းကြီး ကျွန်ုပ်ရွှေအဆင်းရှိခြင်းမှာ ရှေးအခါက ဤဗာရာဏသီပြည်၌ ကျွန်ုပ်သည် စကြဝတေးမင်းဖြစ်ခဲ့သည်။ ထိုစဉ်က ငါးပါးသီလကို ကိုယ်တိုင်လည်း ကျင့်သုံး၏။ လူအားလုံးကိုလည်း ကျင့်သုံးစေ၏။ ဤကုသိုလ်ကြောင့် ရွှေအဆင်းရှိသည်'' ဟု ဆို၏။

www.dhammaransi.com



"ရွှေဥဒေါင်းမင်းသည် စကြာဝတေးမင်း ဖြစ်ခဲ့ဘူးကြောင်းကို သက်သေပြနိုင်ပါသလော" ဟု မင်းကြီးကမေး၏။

"မင်းကြီး ကျွန်ုပ်သည် စကြာဝတေးမင်း ဖြစ်စဉ်အခါက ရတနာခုနစ်ပါးဖြင့် ပြီးသော ရထားကိုစီး၍ ကောင်းကင်သို့သွား၏။ ထိုရထား သည် ဤမင်္ဂလာရေကန်ထဲ၌ နစ်၍ ရှိလေသည်။ တူးဖေါ်၍ယူလော့" ဟု ဆို၏။

မင်းကြီးလည်း ရေကန်မှ ရေကိုထုတ်၍ မြေကိုတူးသော် ရတနာရထားကို တွေ့ရ၍ ယုံကြည်လေသည်။

ရွှေဥဒေါင်းမင်းလည်း "မင်းကြီး ဝဋ်၌ ဖြစ်သော သင်္ခါရမှန်သမျှ မအိုမသေသော သင်္ခါရမည်သည်မရှိ၊ အိုရသေရမည်မှာ ဓမ္မတာဖြစ်၏။ မအိုရာ မနာရာ မသေရာကား နိဗ္ဗာန်သာတည်း။ နိဗ္ဗာန်မှလွဲ၍ ကြွင်းသော တရားတို့သည် အမြဲမတည်ကုန်၊ ပျက်စီးသော သဘောရှိကုန်၏" ဟု တရားဟော၍ မင်းကြီး အား ငါးပါးသီလကို ဆောက်တည်စေ၏။ မင်းကြီးလည်း အလွန်နှစ်သက်ဝမ်းမြောက်တော်မူ၍ ရွှေဥဒေါင်းမင်းအား မင်းအဖြစ်ဖြင့် ပူဇော်လေ၏။

ရွှေဥဒေါင်းမင်းသည် မင်းအဖြစ်ကို မင်းကြီးအား "ပြန်လည်အပ်နှင်း၍ နှစ်ရက်၊ သုံးရက် ရွှေနန်းတော်၌ နေတော်မူ၏။

ထို့နောက် ရွှေဥဒေါင်းက မင်းကြီးအား 'ကုသိုလ် ကောင်းမှုတို့ကို မမေ့ မလျော့ပြုလေလော့' ဟု ဆုံးမဩဝါဒပေးပြီး ကောင်းကင်သို့ ပျံ၍ ဟိမဝန္တာတော ဒဏ္ဍကရွှေတောင်၌ ပြန်လည်၍ နေတော်မူလေ၏။

ဤသုတ်သည် ဥဒေါင်းမင်း၏ ပရိတ် အရံအတားဖြစ်သောကြောင့် မောရပရိတ်ဟု ခေါ်တွင်၏။ မြတ်သော မန္တရားဟူ၍လည်း ဟောကြားတော်မူ၏။ ဤသုတ်၏ အကျိုးအာ နိသင်ကို ရှေးဆရာတော်တို့က·····

"ရာဇမျက်မာန်၊ ဒေါသထန်၍၊ ဘေးရန် အပြင်း၊ သံခြေကျဉ်းနှင့်၊ ကြိုးကွင်းမန္တ၊ တွေ့လ ကမူ၊ မောရသုတ်ပင်၊ ပရိတ်စင်ကို၊ ကြည်လင် ရိကျိုး၊ ရှိခိုးပြုလျှက်၊ နေထွက်နေဝင်၊ ရွတ်တုံ ဆင်လော့"

ဟု စပ်ဆိုတော်မူကြကုန်၏။ သူတစ်ပါး တို့က သေကြောင်းကြံသော လက်နက်ဘေး အမျိုးမျိုးမှ လွတ်ကင်းစေသောအစွမ်းအာနုဘော် ရှိသည့် ပရိတ်တော်ဖြစ်လေသည်။

သို့ဖြစ်ပါ၍ မောရသုတ်ပရိတ်တရားကို တရားချစ်ခင် ပါရမီရှင်တို့ နေ့စဉ်ရွတ်ပွါးနိုင် ကြပါစေကြောင်း ဆုတောင်းမေတ္တာဖြင့် ရေး သားတင်ပြလိုက်ရပါသည်။

**နိုင်ကြည်မြင့်**
**သာသနမာမကဓမ္မာစရိယ**

www.dhammaransi.com





# တည်ထားပူဇော် ဥပ္ပါတသန္တိစေတီတော်

မြဝင်း
(ဓမ္မာစရိယဘီအေ)

မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး အဓွန့်ရှည်တည်တံ့စေရန် နိုင်ငံတော်အကျွင်း မီးကင်းနေထိုင်ကြသည့် ရဟန်းရှင်လူပြည်သူအများဘေးဥပါဒ်အန္တရာယ် ရန်အသွယ်သွယ်မှ ကင်းစင်ငြိမ်းပျောက် ချမ်းသာရောက်၍ ကျက်သရေမင်္ဂလာအဖြာဖြာ ပြည့်စုံစေရန်နှင့် သာသနာ့သမိုင်း၊ မြန်မာ့သမိုင်းတွင် မော်ကွန်းဝင်သည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကိုယ်စား ရပ်ပွားစေတီတော်တစ်ဆူအဖြစ် နေပြည်တော်တွင် ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် ရည်ရွယ်၍ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဉာဏ်တော်ထက် ၁ပေလျော့၍ ဉာဏ်တော်အမြင့် ၃၂၅ပေ ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးပုံတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို နေပြည်တော်တွင် တည်ထားကိုးကွယ်ခဲ့ပါသည်။

ဥပါတသန္တိစေတီတော်မြတ်ကြီးကို ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့မှစတင်၍ မြန်မာ့ရိုးရာယုံးတမ်းစဉ်လာများ။ သာသနာဝင်ကျမ်း၊ ဗုဒ္ဓဝင်ကျမ်း စသော ကျမ်းဂန်လာ မိန့်ဆိုချက်များနှင့်အညီ မဟာမင်္ဂလာတော်ကိုးမျိုးဖြင့် ပူဇော်တည်ထားကော်မူခဲ့ပြီး (၂)နှစ်နှင့်(၈)လအကြာ ၂၀၀၉-ခုနှစ်၊ မတ်လ(၉)ရက်နေ့တွင် အောင်မြင်ပြီးမြောက်ခဲ့ပါသည်။

**စေတီတော်ရှိ သိမှတ်ဖွယ်ရာအဖြာဖြာ**

စေတီတော်မြတ်ကြီးတွင် အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်ကြီးများက လှူဒါန်းသော သဗ္ဗညုတဂေါတမ

www.dhammaransi.com



ဘုရားရှင်၏ သရီရိက ဓာတ်တော်အစစ်(၆)ဆူကို ဌာပနာသွင်းလှူပူဇော်ထားရှိပါသည်။ အမြင့် ၇၃-ပေ ၈လက်မမြင့်သော စေတီတော်လိုဏ်တော်အတွင်း၌ မြန်မာနိုင်ငံ၏ သယံဇာတဖြစ်သော မြန်မာ့အဖိုးတန်ကျောက်စိမ်းရတနာများဖြင့် ထုလုပ်ထားသော ဉာဏ်တော်အမြင့် ၃-ပေ ၂-လက်မစီရှိသော ဘူမိဖဿမုဒြာပုံတော်ပာန် မဟာမဏိမယ ကကုသန္ဓ ဗုဒ္ဓပဋိမာ၊ မဟာမဏိမယ ကောဏာဂမန ဗုဒ္ဓပဋိမာ၊ မဟာမဏိမယ ကဿပ ဗုဒ္ဓပဋိမာ၊ မဟာမဏိမယ ဂေါတမ ဗုဒ္ဓပဋိမာ ဟူသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူကို ဖူးမြင်ရပေမည်။

မြတ်ဗုဒ္ဓ၏ ဖွား၊ ပွင့်၊ ဟော၊ စံ အစရှိသည့် ဗုဒ္ဓဖြစ်တော်စဉ်ပန်းချီကားများအား စကျင်ကျောက်သား၌ တစ်ခြမ်း ဖောင်းကြွဖြင့် သရုပ်ဖော်ထားသည့် စကျင်ကျောက်ပန်းချီကား (၂၄)ခုနှင့် ဗုဒ္ဓဖြစ်တော်စဉ်နှင့် ဓာတ်တော်ကြီးဆယ်ဘွဲ့ကို သရုပ်ဖော်ထားသည့် စကျင်ကျောက်ပန်းချီကား(၂၄)ခုကို စေတီတော်လိုဏ်ဂူအတွင်း နီနန်းချိုးထောင့်လေးခုနှင့် ရောင်လင်းပေါက်ကြား ဘေးနံရံတို့တွင် ထုလုပ်ပူဇော်ထားရှိပါသည်။ စေတီတော်လိုဏ်တော်၏ မျက်နှာကြက်တွင် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ပဋ္ဌာန်းဒေသနာတော်(၂၄)ပစ္စည်းနှင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ပါးတို့ကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် ရွှေဇဝါယွန်းတို့ဖြင့် ပူဇော်ထားရှိသည်ကိုလည်း ကြည့်ရှုလေ့လာနိုင်ပါသည်။

## အချိုးအစားညီ မြတ်စေတီ

စေတီတော်အားတည်ထားရာတွင် ပန်းတည်ခုံနိုကောင်ပန်းခက်များ၊ စေတီတော်ကြီး၏ ကြည်ညိုသပ္ပာယ်ဖွယ်အချိုးအစားနှင့် ပစ္စယာ၊ သင်္ကာန်ညီကျည်းဝန်းတော်၊ ခေါင်းလောင်းတော်၊ သပိတ်မှောက်ပတ်လည်ရှိ ပန်းဆွဲရုပ်ကြွများ၊ ကြာနု၊ ကြာလန်၊ ကြာမှောက်၊ ရွှဲလုံးများ၊ ကိုယ်လုံးတော်နှင့်အချိုးညီစွာတင့်တယ်လှပသော ငှက်ပျောဖူးတော်နှင့် ဖောင်းရစ်များ၊ မြန်မာ့မကိုဋ်ပုံ ရွှေထီးတော်ဘုံဆင့်များ၊ အဖိုးတန်ကျောက်မျက်ရတနာမျိုးစုံတို့ဖြင့် စီခြယ်ထားသည့် ရတနာငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော် အစရှိသော အင်္ဂါရပ်အစုံအလင်ဖြင့် တည်ထားပါသည်။

## တည်ထားသွင်ပြင် အင်္ဂါရပ်စုံလင်

စေတီတော်မြတ်ကြီး၏ အရှေ့မြောက်ထောင့်တွင် မဟာဆုတောင်းပြည့်ပန်းပေါင်းဘုရားကြီးကို ပူဇော်တည်ထားပြီး ရင်ပြင်တော်အရှေ့တောင်ထောင့်တွင် အရပ်အမြင့် ၁၈-ပေရှိ နတ်မင်းကြီး (၄)ပါးဝန်းရံနေသော ၁၀၈-

www.dhammaransi.com



ပေအမြင့်ဆောင်သည့် တံခွန်တိုင်တော်၊ စေတီ အဝင်မုခ်ဦး(၄)ခုနှင့် စောင်းတန်း(၄)သွယ်၊ ရင်ပြင်တော်ပေါ်တွင် ခေါင်းလောင်းစင်(၂)စင်၊ စေတီတော်အောင်မြေနှင့် မဟာရံတံတိုင်းတို့ ပါဝင်ပြီး စေတီတော်ပတ်လည်အား မြေထိန်း နံရံများဖြင့် စနစ်တကျတည်ထားပါသည်။ အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့် တို့တွင် ဓာတ်လှေကား နှစ်စီးစီပါဝင်သော ဓာတ်လှေကားစင်(၂)စင်၊ ဥပုသ်ဟသင်္ဘာကုန်းတော် ပတ်လမ်း၊ စေတီတော်မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့တွင် ဘုရားရှင်တို့ သစ္စာလေးပါးသိမြင်တော်မူရာ မဟာဗောဓိပင် (၃)ပင်နှင့် မြောက်ဘက်တွင် (၂၈)ဆူသော ပွင့်ရာဗောဓိဥယျာဉ်တော်၊ တောင်ဘက်တွင် (၁၀၈)ပင်သော ဗောဓိညောင်ဥယျာဉ်တော်၊ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း တောင် ဘက်အရပ်တွင် သာသနိကအဆောက်အဦးများ ဖြစ်သော ဝိသုံဂါမရွှေသိမ်တော်၊ စေတီယပါလ စံကျောင်းတော်၊ သာသနာ့မဟာဗိမာန်တော်ကြီး၊ သံဃာရာမကျောင်းဆောင်ကြီး(၄)ဆောင်၊ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်(နှစ် ထပ်အဆောက်အဦး)၊ ဂေါပကအဖွဲ့ရုံး(နှစ်ထပ် အဆောက်အဦး)၊ ရှင်ဥပဂုတ္တကျောင်းဆောင်နှင့် မာလိနီမင်္ဂလာရေကန်တော်(ရေပန်းအလှအမျိုး မျိုး)၊ စေတီတော်ကြီး၏ အရှေ့တောင်၊ အရှေ့ မြောက်နှင့် အနောက်မြောက်ဘက်တို့တွင် ဘုရားဖူးပြည်သူများ ခေတ္တနားနေနိုင်ရန် နားနေ ဇရပ်(၃)ဆောင်၊ စေတီတော်၏တောင်ဘက် တွင် (၅၄.၈၉)ဧကရှိ ပွဲတော်ကွင်းတို့ကို စေဟီ တော်အင်ဂျင်နီယာနည်းပညာရပ်များဖြင့် အသုံး ပြုတည်ဆောက်ခဲ့ပြီး မြန်မာဗိသုကာပညာ၊ မြန်မာ့အနုပညာပန်း(၁၀)မျိုး လက်ရာစုံများဖြင့် ဂုဏ်ယူဖွယ်ခြယ်သကာ တည်ဆောက်ထားသ ဖြင့် စေတီတော်မြတ်ကြီးအား ပိုမိုကြည်ညိုဖွယ် ရာ ဖြစ်စေခဲ့ပါသည်။

**သာသနာ့မြေ**

စေတီတော်မြတ်ကြီး၏ သာသနာ့မြေ (ဝတ္တကမြေ)ဧရိယာမှာ (၃၂၄.၄၄)ဧကရှိပြီး ရင်ပြင်တော်ဧရိယာမှာ (၈.၃၄)ဧကရှိပါသည်။ စေတီတော်ဝတ္တကမြေအတွင်း၌ လိုအပ်သော ရေများထုတ်ယူခြင်း၊ ပင်မရေလှောင်ကန်များ ၌ ရေပေးပို့စုဆောင်းခြင်း၊ စေတီတော်မြတ် ကြီးသို့ ရေများတင်ပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စက်ရေတွင်း (၁၄)တွင်းကို တူးဖော်အသုံးပြုလျှက်ရှိပါသည်။

**ရတနာဆင်ဖြူတော်များ**

စေတီတော်မြတ်ကြီး၏ အရှေ့ဘက်စောင်း တန်းအောက်ခြေတွင် ဆင်ဖြူတော်ရတနာ နား

www.dhammaransi.com



နေဆောင်များဆောက်လုပ်၍ ဘဒ္ဒဝတီ၊ နန္ဒဝတီ၊ ငွေဆဒ္ဒန်(ထီး)၊ ဟေမဝတီ၊ ဇာတကလျာ၊ သိရိမာလာ ဟူသော ဆင်ဖြူတော် (၆)စီးကို ထိန်းသိမ်းစောင့်ရှောက်ထားပြီး ဆင်ဖြူတော်များ သဘာဝအတိုင်း နေထိုင်ကျက်စားနိုင်ရန် ဝတ္တကမြေအတွင်း မြေဧက (၅၀.၃၀) ဧကရှိသော ဆင်ဖြူတော်ရတနာဥယျာဉ်ကို တည်ဆောက်ထားပါသည်။

**ကိန်းဝပ်စံပျော် မြတ်စွယ်တော်**

စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း အရှေ့မြောက်ထောင့်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသော မြတ်စွယ်တော်ပွားတစ်ဆူကိုလည်းကောင်း၊ အနောက်တောင်ထောင့်၌ သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံမှလှူဒါန်းသော မြတ်စွယ်တော်တစ်ဆူကိုလည်းကောင်း ပူဇော်ထားရှိပါသည်။

**နှစ်စဉ်းကျင်းပ ဗုဒ္ဓပူဇနိယ**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို စေတီတော်တည်ဆောက်ပြီးသည့် ၂၀၀၉-ခုနှစ်မှစတင်၍ နှစ်စဉ် တပေါင်းလတွင် ကျင်းပခဲ့သည်မှာ ၂၀၁၅-ခုနှစ်တွင် သတ္တမအကြိမ်သို့ တိုင်ခဲ့ပြီဖြစ်ပါသည်။ စေတီတော်မြတ်ကြီးတွင် လစဉ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများနှင့် လအလိုက် အခါတော်နေ့အခမ်းအနားများကို ကျင်းပလျက်ရှိပါသည်။

**ကပ်လှူပူဇော် ရွှေသင်္ကန်းတော်**

စေတီတော်မြတ်ကြီးအား ၂၀၀၉-ခုနှစ်၊ မတ်လတွင် နိုင်ငံတော်အစိုးရက ဦးဆောင်၍ စေတနာရှင်ပြည်သူများ၏ အလှူတော်များဖြင့် ရွှေသားအတိပြီးသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို တင်လှူပူဇော်ခဲ့ပြီး ထီးတော်အောက်ခြေမှ ပန်းလည်တိုင်၊ ငှက်ပျောဖူးတော်၊ ကြာလန်ရွဲနှင့် ကြာမှောက်တို့တွင် ရွှေစင်ရွှေပြားရွှေပြားသင်္ကန်းတော်များကို ကပ်လှူပူဇော်ထားရှိပြီးနောက် စေတီတော်ကြီး၏ ကြာမှောက်မှသည် ပန်းတည်ခုံအထိ လုံးတော်ပြည့်ရွှေဆေးသင်္ကန်းတော်ဖြင့် ကပ်လှူပူဇော်ထားခဲ့ပါသည်။

စေတီတော်မြတ်ကြီးအား ပိုမို၍ ဝင့်ထည်သပ္ပာယ်စွာဖြင့် ကြည်ညိုဖွယ်ဖြစ်စေရန်ရည်သန်လျက် အလွန်ကြုံကြိုက်ခဲလှသည့် ဗုဒ္ဓမြတ်စေတီမြတ်ကြီး ထွန်းလင်းဝေစည်လျက်ရှိသည့် အချိန်ကောင်း၊ အခါကောင်းတွင် စေတီတော်မြတ်ကြီး၏ တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်ထိ ရွှေစင်ရွှေပြားသင်္ကန်းတော်များ ထပ်မံကပ်လှူရန်နှင့် ဒုတိယဖောင်းရစ်အောက်ပိုင်းမှ ပန်းတည်ခုံအထိ ရွှေဆေးသင်္ကန်းတော်

www.dhammaransi.com



များ ထပ်မံကပ်လှူရန် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပင့်လျှောက်၍ ဩဝါဒခံယူခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲများ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်သူပြည်သားများ အပါအဝင် အလှူရှင်များက ထက်သန်သော စေတနာ၊ သဒ္ဓါတရားတို့ဖြင့် ထူးကဲမွန်မြတ်လှသည့် မဟာသုဝဏ္ဏ စီဝရဒါန ရွှေစင်ရွှေပြားရွှေသင်္ကန်း အလှူတော်(ရွှေစင်ရွှေပြားတစ်ချပ် အရွယ် စတုရန်းပေ တစ်ပေ×တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သားရှိ) ရွှေစင်ရွှေပြားအချပ်(၂၅၅၂)ချပ်ကို ၁၈-၁-၂၀၁၅ ရက်နေ့မှ စတင်၍ ထပ်မံကပ်လှူပြီး ဒုတိယဖောင်းရစ်အောက်ပိုင်းမှစ၍ ရွှေဆေးသင်္ကန်းတော်များ ထပ်မံကပ်လှူပူဇော်ခဲ့ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ စေတနာရှင်ပြည်သူများက နေပြည်တော် ဥပ္ပါတသန္တိစေတီတော်သို့ လာရောက်ဖူးမြော်၍လည်းကောင်း၊ စေတီတော်ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ် ၀၆၇-၂၁၂၁၇/၂၂၀၂၀ နှင့် ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစာရင်းအမှတ် SF.015491 သို့လည်းကောင်း ဆက်သွယ်လှူဒါန်းလျက်ရှိရာ ၁၈.၁၀.၂၀၁၅ ရက်နေ့အထိ အလှူရှင်ပေါင်း (၄၄၃)ဦးမှ ရွှေစင်ရွှေပြားချပ်ရေ (၁၀၄၀)ချပ်တို့အား လှူဒါန်းခဲ့ကြပါသည်။ အလှူရှင်များမှ လှူဒါန်းသော ရွှေစင်ရွှေပြားအချပ်ရေ (၁၀၄၀)ချပ်အပြင် စေတီတော်ဂေါပကအဖွဲ့လက်ဝယ်ရှိ အလှူတော်ငွေများဖြင့် ရွှေစင်ရွှေပြားအချပ်ရေ (၂၅၅၂)ချပ်ပြည့်မီအောင် ဖြည့်စွက်ကပ်လှူပူဇော်ထားရှိခဲ့ပါသည်။ သဒ္ဓါကြည်ဖြူလှူဒါန်းပူဇော်ခဲ့ကြသော ရွှေစင်ရွှေပြားအလှူရှင်များအား ကုသိုလ်စေတနာသဒ္ဓါတရား ထာဝရပွားများနိုင်ပါစေရန်အလို့ငှါ ရွှေစင်ရွှေပြားပေါ်တွင် အလှူရှင်ကမ္ပည်းမော်ကွန်းများ ရေးထိုးပေးထားပြီး အလှူတော်ငွေရပြေစာနှင့် သာဓုအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ အလှူရှင်လှူဒါန်းကပ်လှူလိုသော စေတီတော်မြတ်ကြီး၏ အရပ်မျက်နှာ၊ ရွှေပြားကပ်လှူထားသည့်နေရာပြပုံ(Layout Plan)တို့ကိုလည်း စနစ်တကျ မှတ်တမ်းပြုစု၍ အလှူရှင်များထံ ပေးပို့လျက်ရှိပါသည်။

## လှူဒါန်းပူဇော် နှိုးဆော်လွှာ

မြန်မာတို့၏ သဒ္ဓါတရားသည် အံမခန်းအောင် ထက်သန်ကြီးမားလှပါ၏။ မြန်မာပြည်သူပြည်သားများ သဒ္ဓါတရားထက်သန်စွာ ဆက်လက်လှူဒါန်းသော ရွှေစင်ရွှေပြားအလှူများဖြင့် စေတီတော်ကြီးတစ်ဆူလုံးကို

www.dhammaransi.com



ရွှေတောင် ကြီးသဖွယ်တင့်တယ်သပ္ပာယ်စွာ ဖူးမြော်ရအောင် စေတီတော်ဂေါပကအဖွဲ့က ကြိုးစားအားထုတ်လျှက်ရှိပါသည်။ ရွှေစင် ရွှေပြား ၁-ချပ် (ရွှေတစ်ကျပ်သားနှင့်တစ်ပေ ပတ်လည်ကြေးပြားထု ၂၂ ဂိတ်)လျှင် ကျပ် ခုနစ်သိန်းတိတိဖြင့် မဟာကုသိုလ်တော်အလှူ ဒါယကာ၊ ဒါယိကာမများအဖြစ်ခံယူ၍ ဆက် လက်လှူဒါန်းပူဇော်ကြပါရန် ရွှေစင်ရွှေပြား၊ ရွှေသားအလှူ၊ ကုသိုလ်ယူဖို့၊ နိဗ္ဗူရည်မျှော် နှိုးဆော်အပ်ပါသည်။


**ရွှေလှူပါက၊ ဇဋိလ၊ ကြွယ်ဝသူဌေးနှယ်**

စေတီတော်မြတ်ကြီး၌ ရွှေစင်ရွှေပြားဆက် ကပ်လှူဒါန်းသော အလှူရှင်များသည် ရှေးယခင် က စေတီဘုရားတွင် ရွှေပြားအလှူ လှူခဲ့သော ကြီးမားသော ပုညံ ဘုန်းနှင့်ကံကြောင့် သူဌေး သမီးနှင့်လက်ထပ်ထိမ်းမြားခွင့်ရ၍ တိုက်အိမ် သစ်ဆောက်လုပ်ပြီးနောက် အိမ်သစ်တက်ရာ မင်္ဂလာအခါဝယ် ဦးစွာပထမ ထိုတိုက်အိမ်သစ် အပေါ်သို့ စတင်တက်ရောက်သည့် လှေကား ထက်၌ ခြေတစ်ဖက်နင်းတက်ချိန်တွင် တိုက် အိမ်၏နောက်ဘက်၌ အတောင်ရှစ်ဆယ်မြင့် သော ရွှေတောင်ကြီးပေါ်ပေါက်ပြီး စည်းစိမ် ဥစ္စာပြည့်စုံစွာခံစားရခြင်း၊ ကောင်းသောဂုဏ် သတင်းကျော်စောခြင်း စသည့်အကျိုးတရား များနှင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်အထိ အကျိုးထူးတရားများ ခံစား စံစားရသော ဇဋိလ သဌေးကြီးကဲ့သို့ ကောင်းကျိုးချမ်းသာ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြမည်ဖြစ်ပါသည်။

စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒစရိယ၊ နေပြည်တော်တပ်ကုန်းမြို့၊ မဟာသီဟနာဒ ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ ရေးသားချီးမြှင့်ဟောကြားတော်မူသော "ရွှေ တောင်ပေါက်၊ ဝမ်းမြောက်ပျော်တဲ့သူ" ဟူသော အကျိုးပြကဗျာကို မျှဝေဖော်ပြအပ်ပါသည်။

စေတီဘုရား ရွှေပြားကိုလှူ၊
ကြွယ်ဇဋိလ သဒိသပုံတူ၊
ကောင်းဂုဏ်သတင်း သင်သင်းကြူကြူ၊
ရွှေတောင်ပေါက် ဝမ်းမြောက်ပျော်တဲ့သူ။

**မြဝင်း**
**(ဓမ္မာစရိယ-ဘီအေ)**



www.dhammaransi.com



# ဗုဒ္ဓနည်းကျ လာဘ်ထိုးမှ အပြစ်ကင်းပချမ်းသာမည်

အရှင်ပညာနန္ဒ (ထုံးဘို)

ပုထုကိလေသေ ဇနေတီတိ ပုထုဇ္ဇနော ပုထုကိလေသေ၊ ပူပန်စေတတ်များစွာသော အကုသိုလ်ကိလေသာတွေကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့် ပုထုဇ္ဇနော၊ ပုထုဇဉ်မည်၏။ ဤဝိဂြိုဟ်ဝစနတ္ထအရ ရဟန်း ရှင်လူ မည်သူမဆို ပုထုဇဉ်မှန်သမျှ အကုသိုလ် အပြစ်မကင်းနိုင်ကြသေးပါ။ အပြစ်မကင်းသည့် အတွက်ကြောင့်လည်း ပုထုဇဉ်ဟုခေါ်ပါသည်။ အကုသိုလ်အပြစ်မကင်းကြလျှင် ထိုအကုသိုလ် စေတနာကံ၏အကျိုးပေးဖြစ်သည့် ဆင်းရဲဒုက္ခ ဘေးတို့နှင့်တွေ့ကြုံကြုံကြ ရင်ဆိုင်ကြရမည်မှာ မလွဲမသေဖြစ်ပါသည်။ ပြုမှုသော အကုသိုလ် အပြစ် အကြီးအသေးအနည်းအများကို လိုက်၍ အကျိုးပေးဆင်းရဲဒုက္ခဘေး အကြီးအသေးကွာ မည်။ အပြစ်ရှိထားလျှင် အပြစ်ဒဏ် ခံရမည်မှာ အမှန်ပင်ဖြစ်သည်။

လောကတွင် မကောင်းမှု ဒုစရိုက်တည်း ဟူသော၊ အကုသိုလ်အပြစ်တစ်ခုကို လွန်ကျူး ထားလျှင် ဘေးဒုက္ခလေးမျိုးကို ခံကြရမည် ဖြစ်သည်။

(၁) ပရာနုဝါဒဘေး။ ။ဤသူသည် တေလေ ဂျပိုး၊ သူခိုးပဲ၊ ဓါးပြပဲ၊ လူသတ်ကောင်၊ မုဒိန်းကောင်အစရှိသဖြင့် သူပြုမှုသည့် ဒုစရိုက် ကံနှင့်လျော်စွာ အများဘကာတို့၏ ကဲ့ရဲ့ရှုတ်ချ စွပ်စွဲပြစ်တင်ခြင်းဆိုသည့် ပရာနုဝါဒဘေးနှင့် ဇောက်မုချ တွေ့ကြုံခံကြရမည်။

(၂) အတ္တာနုဝါဒဘေး။ ။လူတစ်ယောက်သည် မကောင်းမှုဒုစရိုက်အကုသိုလ် အပြစ်တစ်ခုခုကို လွန်ကျူးထားပြီဆိုလျှင် ငါဘယ်တုန်းက ဘယ်မှာ ဘာအပြစ်တွေလုပ်ခဲ့တာပဲလို့ မိမိပြု မှားခဲ့သည့် အရိပ်အစဉ်က ကိုယ့်စိတ်မှာ စွဲထင် ထိတ်လန့်ပြီး မိမိကိုယ်ကိုယ်မိမိ ပြန်လည် စွတ်စွဲ၊ စွဲချက်တင်သော အတ္တာ နုဝါဒဘေးနှင့် ရင်ဆိုင်ရမှာဖြစ်သည်။

(၃) ဒါဏ္ဍဘေး။ ။ ဤသူသည် ဤကဲ့သို့ သော မကောင်းမှု အကုသိုလ် ဒုစရိုက်မျိုးကို လွန်ကျူးထားကြောင်း၊ အကြောင်းသက်သေ နိုင်လုံလျှင် အပြစ်နှင့်လျော်စွာ ကျခံရမည့်၊ ကြိမ်ဒဏ်၊ ငွေဒဏ်၊ ထောင်ဒဏ်၊ သေဒဏ် အစရှိသဖြင့် မင်းစိုးရာဇာအုပ်ချုပ်သူတို့၏ ဥပဒေက ချမှတ်သော ဒါဏ္ဍဘေးကိုလည်း မုချဇောက်ခံကြရမည်။

(၄) ဒုဂ္ဂတိဘေး။ ။မကောင်းမှုတည်းဟူသော အကုသိုလ်ပြစ်မှု လွန်ကျူးထားသူအဖို့၊ ဒီဘဝက စုတေမနေ သေလွန်သွားပြီဆိုလျှင်၊ ထိုမကောင်းမှု အားလျော်စွာ၊ မကောင်းသောဂတိဖြစ်သည့် ငရဲဂတိ၊ တိရစ္ဆာန်ဂတိ၊ ပြိတ္တာဂတိ၊ အသူရ ကာယ်ဂတိ၊ ဂတိလေးပါးတစ်ပါးပါးသို့ ရောက် ခြင်းဆိုသည့် ဒုဂ္ဂတိဘေးကိုလည်း မုချဇောက် ခံကြရပေအုံးမည်။

www.dhammaransi.com



ထို့ကြောင့် ရဟန်းရှင်လူမည်သူမဆို၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အရိယာစာရင်းဝင်သူတော်စင်မဖြစ်သေးသမျှကာလပတ်လုံးအပြစ်မကင်းနိုင်ကြသေးပါ။ ထိုကဲ့သို့အပြစ်မကင်းနိုင်ကြသောကြောင့် မိမိပြုခဲ့ မှားခဲ့သော အပြစ်အကြီးအသေးအားလျော်စွာ အပြစ်ဘေးခံကြရမှာဖြစ်သည်။ ထိုအပြစ်ဘေးကိုကြောက်၍ လွတ်မြောက်လိုကြသော ပုဂ္ဂိုလ်တို့သည် လာဘ်ထိုးဖို့တော့ လိုမည်ဖြစ်သည်။ အပြစ်ပျောက်ဖို့ရန်အတွက် လာဘ်ထိုးဖို့ မကြောက်ကြပါနှင့်။

လာဘ်ဟူသော စကားမှာ လာဘဟူသော ပါဠိစာပေမှဆင်းသက်လာသော စကားဖြစ်သည်။ မြန်မာလိုရရှိခြင်းဖြစ်သည်။ လောကအလို မိမိတို့ရှာဖွေစုဆောင်းပိုင်ဆိုင်ရရှိထားသည့်၊ စီးပွားဥစ္စာမှန်သမျှကို လာဘ်လာဘဟုဆိုကြသည်။ ထိုစီးပွားဥစ္စာ လာဘ်လာဘတို့ဖြင့် မိမိသင့်ရောက်သော အပြစ်ဘေးမှ လွတ်မြောက်ဖို့ရာ ပေးဆပ်ခြင်းကို၊ လာဘ်ထိုးသည်ဟု ဆိုလိုပါသည်။

ပုထုဇဉ်ပီပီ ပြုမှားခဲ့သည့် အကုသိုလ်အပြစ်ကြောင့် ကျရောက်ရမည့် အထက်ဖော်ပြပါဘေးလေးမျိုးတို့တွင် ပနူရာဝါဒဘေးနှင့် ဒါဏ္ဍဘေးတို့သည် လောကပရိယာယ်မိမိ၏ လိမ္မာပါးနပ်မှုကြောင့်သော်လည်းကောင်း၊ မိမိရှာဖွေစုဆောင်းရရှိထားသည့်၊ စီးပွားဥစ္စာလာဘ်လာဘတို့ဖြင့် တံစိုးလက်ဆောင်ပေးခြင်းတည်းဟူသော လာဘ်ထိုးခြင်းဖြင့်လည်းကောင်း၊ လွတ်မြောက်ကောင်း လွတ်မြောက်နိုင်ပေလိမ့်မည်။ မိမိကိုယ်ကိုယ် စွပ်စွဲခြင်း၊ အတ္တာနုဝါဒဘေးနှင့် အပါယ်လေးပါးတစ်ပါးပါးသို့ကျရောက်ခြင်း ဒုဂ္ဂတိဘေးတို့ကိုဖြင့် လောကကြောင်းနှင့် လာဘ်ထိုး၍ ဘယ်လိုနည်းနှင့်မျှ မလွတ်မြောက်နိုင်ပါကုန်။ ဗုဒ္ဓညွှန်ပြမဂ္ဂလမ်းကြောင်းဖြစ်သည့် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာခုနစ်ဖြာတို့ဖြင့် လာဘ်ထိုးမှသာ အပြစ်ဘေးမှကင်းဝေးလွတ်မြောက် ချမ်းသာခြင်းသို့ ရောက်နိုင်ပေလိမ့်မည်။ ထိုသူတော်ကောင်းဥစ္စာတို့ကို အရင်းတည်ကာ မဂ်လေးတန်ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာ ရတနာတို့ကို ရှာဖွေရရှိနိုင်ပါက အပြစ်ဘေးလေးပါး အပြင် အိုခြင်းဆိုးဘေး၊ နာခြင်းဆိုးဘေး၊ သေခြင်းဆိုးဘေး တည်းဟူသော ဘေးအပေါင်းမှ အပြီးတိုင်လွတ်မြောက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ဘေးအပေါင်းမှ လွတ်မြောက်ကာ ချမ်းသာခြင်းအစစ်အမှန်ကို ခံစားချင်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်၊ သူတော်ကောင်းဥစ္စာအရင်းတည်ကာ ဗုဒ္ဓညွှန်ပြမဂ္ဂလမ်းကြောင်းဖြင့် မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာ ရတနာ ဥစ္စာတို့ကို မရရအောင် ရှာဖွေကြရမည်ဖြစ်သည်။ ရရှိထားသော လောကုတ္တရာ ရတနာဥစ္စာစီးပွားတို့ဖြင့် လာဘ်ထိုးနိုင်ခြင်းအကျိုးကို ရရှိ၍ ဘေးအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေဟူ၍ ဆန္ဒပြုလိုက်ပါသည်။

**အရှင်ပညာနန္ဒ(ထုံးဘို)**

www.dhammaransi.com

# ဝဋ်ကြွေးရှိက ပေးဆပ်ရမြဲ




▸ တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီအေ)
▸ ပန်းချီကာ ထွန်းထွန်း

ပုဂ္ဂိုလ်သတ္တဝါဟူသမျှသည် မိမိပြုခဲ့သော ကုသိုလ်၏ကောင်းမှုအကျိုး၊ အကုသိုလ်၏ မကောင်းမှုအကျိုးကို မုချမသွေ ရရှိခံစားရမြဲဖြစ်သည်။ ကံကြမ္မာကို လှည့်စား၍ မရချေ။




သာမန် ပုထုဇဉ် မဆိုထားဘိ၊ www.dhammaransi.com

အတုမရှိ သဗ္ဗညုတ ဉာဏ်ရှင် မြတ်စွာဘုရားရှင် သော်မှ မိမိပြုခဲ့သော အကုသိုလ်ဝဋ်ကြွေးရှိက ပေးဆပ်ရမြဲ ဖြစ်ပါသည်။



www.dhammaransi.com



တစ်ခုသော အတိတ်ဘဝတွင် ဂေါတမဘုရားအလောင်းသည် အရက်သမား တစ်ဦး ဖြစ်လေသည်။ 'မုနာဋ္ဌ' ဟု အမည် ရှိ၏။



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



သုံးလောက ထွဋ်ထား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သော်မှ ဖွင့်ဖွဲ့ပြောဆိုမိမှားခဲ့သော စကားအကုသိုလ်ကံ ဝဋ်ကြွေး ကို ပေးဆပ်ရသေးလျှင် သာမန်လူသားများအတွက် အဘယ်မျှဆိုဖွယ် ရာရှိပါအံ့နည်း။

ထို့ကြောင့် ကျွန်ုပ်တို့သည် ကောင်းမှု ကုသိုလ်များများပြု၍ မကောင်းမှု အကုသိုလ မပြုဘဲ ဝေးစွာရှောင်ရှားကြကာ မိမိစိတ်ကို ဖြူစင်အောင် ထားကြရမည် ဟူသော မြတ်စွာဘုရား အဆုံးအမအတိုင်း လိုက်နာကျင့်သုံး နေထိုင်ကြရမည် ဖြစ်ပေသည်။ ။ ဖြိုး

▸ တက္ကသိုလ သျှင်သီရိ ‹ဓမ္မာစရိယ ဘီအေ›

▸ ပန်းချီ တင်ထွန်းထွန်း

www.dhammaransi.com



# ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ



## အမျိုးသမီးတို့၏ ကောင်းမြတ်သော ကိုယ်အရည်အချင်းရှိမှုကျင့်ဝတ်

ဖူးပွင့်ဝေ

““မင်္ဂလာပါဆရာမ””

““မင်္ဂလာပါ တပည့်တို့””

ဆရာမက ဒီနေ့တပည့်တို့ကို အမျိုးသမီးကောင်းတို့၏ ဂုဏ်အရည်အချင်းတွေအကြောင်း ပြောပြမယ်ကွဲ့ တပည့်တို့ဒီအကြောင်းတွေကို သိကြရဲ့လားကွဲ့။

““မသိပါဘူးဆရာမ””

အေးမသိရင် ဆရာမ ပြောပြမယ်ကွဲ့၊ သေသေချာချာ နားထောင်နော် ““အမျိုးသမီးကောင်းတွေရဲ့ ဂုဏ်ရည်အရည်အချင်းတွေနဲ့ ပတ်သက်ပြီး ရှေးဘဝက ဒါန၊ သီလ၊ ဘာဝနာ အမှုတွေပြုထားရင် အခုဘဝမှာ ရုပ်ရည်ချော မောခြင်း၊ အဆင်းလှခြင်းစတဲ့ အမျိုးသမီးတွေရဲ့ ကောင်းခြင်းတွေနဲ့ ပြည့်စုံမှာဖြစ်တယ်ကွဲ့။

အဲဒါနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တရပဉ္စကမှာ အမျိုးသမီးတွေရဲ့ ကောင်းခြင်းတွေကို ဟော ကားတယ်ကွဲ့၊ အဲဒါကိုကော မင်းတို့သိချင်ကြ သလားကွဲ့။

““သိချင်ပါတယ်ဆရာမ””

အမျိုးသမီးကောင်းတို့၏ ကောင်းခြင်းငါးဖြာ ဂုဏ်အင်္ဂါအရည်အချင်းဆိုတာတွေကတော့ ကွယ်။

နံပါတ်(၁)ကတော့ ဆံပင်ကောင်းခြင်းတဲ့

www.dhammaransi.com



ဘယ်လိုဆံပင်ကောင်းရမလဲဆိုရင် ဆံပင်ဟာ ဥဒေါင်းမြီးစည်းနှင့်တူ၍ ဆံပင်ကိုဖြည်ချလိုက်တဲ့အခါ ထမီစွန်းအဆုံးကိုထိပြီး အဖျားကော့တက်လျက် ရှိနေတဲ့ဆံပင်မျိုးဖြစ်ရမယ်ကွဲ့။

နံပါတ်(၂)ကတော့ အသား၏ကောင်းခြင်းတဲ့၊ ဘယ်လိုအသားအရေကောင်းခြင်းလဲဆိုတော့ နှုတ်ခမ်းသားဟာ ကျီးအားသီးနှင့်တူစွာ နီမြန်းသော အဆင်းရှိသည်ဖြစ်၍ ညီညွတ်ပြေပြစ်တဲ့အသားအရည်မျိုးဖြစ်ရမယ်။ ဒါကိုရှင်းအောင်ပြောရမယ်ဆိုရင် ဖိခြင်း၊ စပ်ခြင်းရှိတယ်ဆိုတာက သူ့နေရာနှင့်သူလက်မောင်းဆိုလက်မောင်းသားပြည့်မှု၊ ပေါင်ဆိုရင်လည်း အသားပြည့်မှု၊ ရင်၊ တင်၊ ခါး ညီညွတ်စွာရှိမှုတို့ကိုဆိုလိုတာပေါ့ကွယ်။

နံပါတ်(၃) အရိုး၏ကောင်းခြင်းဆိုတာက အရိုးအဆစ်တို့သည် သူ့နေရာနှင့်သူချောမွတ်ပြေပြစ်မှုရှိရမယ်၊ လက်တိုခြင်း၊ လက်ချောင်းတို့၏ရှည်ခြင်း၊ ခြေထောက်တိုခြင်း၊ ရှည်ခြင်းမရှိရ။ အရိုးတွေဟာ သွယ်ဖြောင့်တန်းနေရမယ်။ အရိုးသဘောရှိတဲ့ သွားတွေဟာ ပုလဲတစ်လုံး၊ ရွှဲတစ်လုံးလို သူ့နေရာနှင့်သူ၊ အံကအံနေရာ၊ အစွယ်ကအစွယ်နေရာ၊ အထက်သွား၊ အောက်သွားကသူ့နေရာနှင့်သူရှိပြီး ဖြူစင်၍ ညီညွတ်စွာ ကျန်းမာခြင်း၊ ခေါ်ခြင်းမရှိ စိန်လုံးတွေစီးထားသလို လှပနေရမယ်ဆိုတာကွဲ့။

နံပါတ်(၄)အရေ၏ကောင်းခြင်းဆိုတာ အသားညိုသူ၏ အရေအဆင်းသည် ပင်ကိုယ်ညက်ညောပြေပြစ်ပြီး ကြာညိုပန်းဆိုင်နှင့်တူသကဲ့သို့၊ အသားဖြူသူရဲ့အရောင်အဆင်းကတော့ မဟာလေ့ကားပန်းဆိုင်နှင့်တူရသတဲ့၊ အဲဒါကို အရေ၏ကောင်းခြင်းလို့ဆိုတာကွဲ့။

အဲဒီ(၅)ချက်ကတော့ အမျိုးသမီးတို့၏ကောင်းခြင်းငါးဖြာဖြစ်တယ်လို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားထားခြင်းဖြစ်တယ်ကွဲ့။

အဲဒါအပြင် အမျိုးသမီး၏အလင်္ကာရည်အင်္ဂါ(၆)ပါးကိုလည်း မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက မဟာဝဂ္ဂသံယုတ်မှာဟောကြားထားတယ်ကွဲ့။ အဲဒါကိုကော သိချင်ကြတာလားကွဲ့။

"သိချင်ပါတယ် ဆရာမ"

အေးသိချင်ရင် ဆရာမပြောပြမယ်ကွဲ့။ သေသေချာချာနားထောင်ပြီး နောက်အခြားသူတွေကိုလည်း ပြန်ပြောရမယ်နော်။

www.dhammaransi.com



"ဟုတ်ကဲ့ပါ ဆရာမ"

အမျိုးသမီး၏ အလှဂုဏ်ရည်အင်္ဂါ(၆)ပါး ကတော့ကွယ်၊

(၁) အသားမဖြူလွန်းခြင်း၊

(၂) အသားမညိုလွန်းခြင်း၊

(၃) အရပ်မနိမ့်လွန်းခြင်း၊

(၄) အရပ်မမြင့်လွန်းခြင်း၊

(၅) မဝလွန်းခြင်း၊

(၆) မပိန်လွန်းခြင်း၊

အဲဒီ(၆)ပါးကတော့ အမျိုးသမီးတို့ရဲ့ အလှဂုဏ်ရည်အင်္ဂါတွေဖြစ်တယ်ကွဲ့၊ တပည့်တို့လည်း အမျိုးသမီးတို့ရဲ့ဂုဏ်အင်္ဂါတွေ၊ အမျိုးသမီး အလှ ဂုဏ်ရည်တွေနဲ့ပြည့်စုံအောင် အခုဘဝမှာ ဒါန တွေပြုပြီး အလှူပေးရမယ်၊ သီလတွေဆောက်တည်ပြီး အကျင့်စာရိတ္တ ကောင်းအောင် လုပ်ကြရမယ်။ လောဘတရား၊ ဒေါသတရား မဖြစ်အောင် လုပ်ရမယ်ကွဲ့။ ရုပ်ရည်လဲတည်ကြည်၊ ပြုံးရွှင်ကြည်လင်တဲ့ မျက်နှာပိုင်ရှင်လေးတွေ ဖြစ်အောင် မေတ္တာ ဘာဝနာတွေလည်း ပွားများကြရမယ်ကွဲ့၊ ယခုဘဝ၊ နောင်ဘဝမှာ အမျိုးသမီးကောင်းတွေရဲ့ ဂုဏ်အရည်အချင်းပြည့်စုံပြီး ချောမော လှပတဲ့ အမျိုးသမီးတွေဖြစ်ကြမှာကွဲ့၊ သိကြပြီလား။

"သိပါပြီဆရာမ"

အေးသိပြီဆိုရင် အဲဒီလို အမျိုးသမီးကောင်း ဂုဏ်ရည်၊ အမျိုးသမီးအလှ ဂုဏ်ရည်တွေ ဖြစ်အောင် ပြုမူကျင့်ကြံရမယ်ကွဲ့၊ နောက်တစ်ပတ် ကျရင်တော့အိမ်ထောင်ရှင်အမျိုးသမီးကောင်း တစ်ယောက်ဖြစ်ရအောင်ဘယ်လိုနေထိုင်ပြုမူ ဆောင်ရွက်ရမယ်ဆိုတာကို ပြောပြမယ်ကွဲ့၊ ကဲဒီနေ့ကော ဒီလောက်နဲ့ပဲ အတန်းနားကြစို့။

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါတပည့်တို့"

**ထူးမွှင့်ဝေ**



www.dhammaransi.com



# ဘုန်းတော်ကြီးများက ကျောင်းသား / သူများ၏ ပညာရေးကို အားပေးမည်ဆိုလျှင်

ဦးနန္ဒိသေန (ဒေါင်းသာ)

အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး အဖွဲ့(မဘသ)၏ ၂-နှစ်မြောက် နှစ်ပတ်လည် ညီလာခံအစည်းအဝေးကို ရန်ကုန်မြို့၊ အင်းစိန် မြို့နယ်၊ အောင်ဆန်းမြို့၊ အောင်ဆန်းတပ်ဦး ကျောင်း၌ ၂၀-၆-၂၀၁၅ မှ ၂၁-၆-၂၀၁၅ ထိ ၂-ရက်တိုင်တိုင် ကျင်းပခဲ့သည်။ ၎င်းအစည်း အဝေးသို့ ပြည်နယ်၊ တိုင်း၊ မြို့နယ်များမှ မဘသအဖွဲ့ဝင် သံဃာတော် ၃၃၀၀၊ သီလရှင် ၃၀၀၊ ဥပုသ်ကျေး ၂၅၀၀၊ ဝေယျာဝစ္စ ၇၀၀ စုစုပေါင်း ၆၈၀၀၊ တက်ရောက်လေ့လာကြ သည်။ ပေါက်မြို့နယ် မဘသ(ဥက္ကဋ္ဌ)ကံစွယ် ဆရာတော်ဦးကောသလ၊ တွဲဘက်အတွင်းရေးမှူး ဖီးပြားတောရ ဆရာတော် ဦးစန္ဒိမာတို့နှင့်အတူ စာရေးသူလည်း တက်ရောက်လေ့လာခွင့်ရခဲ့ သည်။

အစည်းအဝေးတွင် ရေကိုလုပ်ငန်းအဖြစ် ကျန်ရှိနေသော အမျိုးစောင့်ဥပဒေများ အမြန်ဆုံး ပြဋ္ဌာန်းနိုင်ရေး၊ ရေရှည်လုပ်ငန်းအဖြစ် ယဉ် ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးလ်သင်တန်း များ ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်နိုင်ရေး၊ လတ် တလော ပေါ်ပေါက်နေသော Dagon City စီမံကိန်းကို အကြောင်းပြု၍ ရွှေတိဂုံဘုရား ကာကွယ်စောင့်ရှောက်ရေး၊ မဘသစာသင် ကျောင်းများဖွင့်လှစ်နိုင်ရေး စသည်တို့ကို ဆွေးနွေး တိုင်ပင်ကြသည်။

မဘသ(ဥက္ကဋ္ဌ)အင်းစိန်ရွာမ ဆရာတော် ဦးတိလောကာဘိဝံသက မဘသ အထက်တန်း ကျောင်းတစ်ကျောင်း ဖွင့်လှစ်ဖို့ တာဝန်ပေး၍ အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်နေ ကြောင်း ဦးပညာဝရ သိမ်ဇရပ်က လျှောက် ထားတင်ပြသည်။ ထို့နောက် ဆရာတော်တစ်ပါး က မဘသ အထက်တန်းကျောင်းများကို ပြည် နယ်နှင့်တိုင်းအလိုက် ဖွင့်သင့်ကြောင်း၊ ရန်ကုန် နှင့် မန္တလေးမြို့များမှာ မဘသတက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်သင့်ကြောင်း ထောက်ခံ ဆွေးနွေးသည်။ တစ်ဖန် မကွေးတိုင်းမဘသ ဥက္ကဋ္ဌဆရာတော်ဦးကောသလ္လက လက်ရှိမြန်မာ နိုင်ငံတွင် ဘုန်းတော်ကြီးများ ဦးစီးဖွင့်လှစ် သင်ကြားနေသော ဘ/ကကျောင်းများနှင့် မကွဲ မပြား တစ်သားတည်းဖြစ်စေရန် မဘသ

www.dhammaransi.com



အထက်တန်းကျောင်း၊ မဘာသတက္ကသိုလ်ဟု အမည်မပေးဘဲ မဘာသဦးဆောင်သော ဘ/က ကျောင်းဟု အမည်ပေးသင့်ကြောင်း အဆိုတင်သွင်းသည်။

ဤကျောင်းတော်များတွင် ပြဋ္ဌာန်းစာအပြင် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ပေါ်ပေါက်လာစေရန်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ပေါ်ပေါက်လာစေရန် အမျိုးသားရေးစာပေများ သင်ကြားပေးသင့်ကြောင်းတင်ပြလျှောက်ထားကြသည်။ မြစေတီဆရာတော်ကလည်း စာသင်သား ၁၁ဃာတော် ၃၀၀ ကျော်ရှိကြောင်း ကျောင်းသူ/သား ၄၀ ကျော် ကျွေးမွေးစောင့်ရှောက်ထားကြောင်း အစည်းအဝေးသို့ တက်ရောက်လာကြသော ဆရာတော်များမှလည်း တပိုင်တနိုင် ကျွေးမွေးစောင့်ရှောက်ကြဖို့ မိန့်ကြားသည်။

ဤအဆိုသည် အလွန်ကောင်းမွန်သော အဆိုဖြစ်သည်။ ဘုန်းတော်ကြီးများ လူမှုရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဓမ္မ-ဝိနယနှင့်ကိုက်ညီသော လုပ်ငန်းဖြစ်သည်။ မိမိနိုင်ငံ၊ လူမျိုး၊ ဘာသာဝင်များ အဆင့်အတန်းမြင့်မားဖို့များစွာ အထောက်အကူပြုပါသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဘာသာရေးခေါင်းဆောင်တို့၏ အခန်းကဏ္ဍ၊ စွမ်းဆောင်နိုင်မှု အရည်းအချင်းကို လျစ်လျူ ရှုမထားသင့်ပေ။ သို့ဖြစ်၍ ဤဆောင်းပါးတွင် ဘုန်းတော်ကြီးများပါဝင် ပူပေါင်းလာမှုကြောင့် ပညာတတ်လူငယ်လူရွယ်များ ပေါ်ပေါက်လာနိုင်ပုံကို စာရေးသူ ဉာဏ်မှီသလောက်တွက် ချက်ပြထားပါသည်။

မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးပေါင်း ၅ သိန်းရှိသည် ဟု သိရသည်။ ၎င်းထဲမှ စာသင်စာချနေတဲ့ ဘုန်းကြီး ၂-သိန်း၊ သက်တော်ရှည်ထေရ်ကြီး၊ ဝါကြီးဘုန်းကြီး ၁-သိန်း၊ ကျန် ၂-သိန်းက အလယ်အလတ် သွက်သွက်လက်လက် ထက်ထက်မြက်မြက် ဘုန်းကြီးများ ဖြစ်လိမ့်မည်ဟု ယုံကြည်သည်။ ၎င်းဘုန်းကြီး ၂-သိန်းက တစ်ပါးလျှင် ကျောင်းသားတစ်ယောက်နှုံးတာဝန်ယူ ကျောင်းထားပေးမည်ဆိုရင် မြန်မာနိုင်ငံ ကျောင်းသားဦးရေ ၂-သိန်းတိုးလာနိုင်သည်၊ ၂-ယောက်နှုံးဆိုရင် ၄-သိန်း၊ ၅-ယောက်နှုံးဆိုရင် ၁၀-သိန်း၊ ၁၀-ယောက်နှုံးဆိုရင် ၂၀-သိန်း တိုးလာနိုင်သည်။

သို့မဟုတ် လက်ရှိမြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၀၀-ကျော်၊ ကျေးရွာပေါင်း ၆၀၀၀၀-ကျော်ရှိသည်ဟု သိရသည်။ တစ်မြို့လျှင် ဘုန်းတော်ကြီးကျောင်းပေါင်း ခန့်မှန်း၁၀-ကျောင်း

www.dhammaransi.com



ရှိရင် မြို့ပေါင်း ၃၀၀-ဆိုရင် ကျောင်းပေါင်း ၃၀၀၀-ဖြစ်သည်။ တစ်ရွာလျှင် ၁-ကျောင်း ဆိုရင် ကျောင်းပေါင်း ၆၀၀၀၀ ဖြစ်သည်။ နှစ်ရပ်ပေါင်း ၆၃၀၀၀ ဖြစ်သည်။ ၄င်းကျောင်းတို့က တစ်ကျောင်းလျှင် ကျောင်းသား ၅-ယောက်နှုံး တာဝန်ယူကျောင်းထားပေးမည်ဆိုက ကျောင်းပေါင်း ၆၃၀၀၀ ဆိုရင် ကျောင်းသားဦးရေ ၃၁၅၀၀၀ တိုးလာနိုင်သည်။ ၁၀-ယောက်နှုံးဆိုရင် ကျောင်းသားဦးရေ ၆၃၀၀၀၀ တိုးလာမည်ဖြစ်သည်။

ဤသို့ ခန့်မှန်းတွက်ချက်ပြခြင်းသည် တကယ်ပညာရေးအားပေးမည်ဆိုရင် ဖြစ်နိုင်ခြေရှိပုံကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ တစ်မြို့ကို ၁၀-ကျောင်းခန့်မှန်းထားသော်လည်း ၁/၂ ကျောင်းမှ ၁၅/၂၀ ကျောင်းစသည်ထက်ပို၍လည်း ရှိသည်။ စာဒက တက်နေစရာ မလိုပါ။ လိုတိုး၊ ပိုလျှော့ခန့်မှန်းတွက်ချက်ပြနေခြင်း ဖြစ်သည်။

လက်ရှိ အနေအထားမှာ ကိုရင်၊ ကျောင်းသားများကို တပိုင်တနိုင် ကျောင်းထားပေးသော ဘုန်းတော်ကြီးကျောင်းများ များစွာရှိသလို ကိုရင်၊ ကျောင်းသားတစ်ပါး၊ တစ်ယောက်မှ မရှိသော ဘုန်းတော်ကြီးများလည်း အတော်များများရှိပေသည်။

ပရဟိတကျောင်းများ၊ ဘုန်းတော်ကြီးသင် (ဘ/က)ကျောင်းများမှာ ကျောင်းသူ/သား ၅၀/၁၀၀ စသည်မှ ၁၀၀၀/၁၀၀၀ကျော်အထိ လက်ခံစောင့်ရှောက်သင်ကြားပေးနေသော ကျောင်းများလည်း များစွာရှိနေပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးမြို့ နောင်တောင်း ပရဟိတ ဘုန်းတော်ကြီးသင်တပ်ဦးကျောင်း ဆိုရင် သူငယ်တန်းမှ ဒသမတန်းထိ လက်ခံသင်ကြားပေးနေသည်။ အခုနှစ်တွင် ကျောင်းသူ/သား ၁၈၀၀၊ ဆရာ/မ ၂၀၀ ရှိသည်ဟု သိရသည်။ မန္တလေးမြို့၊ ဖောင်တော်ဦး ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းတွင် ၁၀၀၀-ကျော် မန္တလေးမြို့၊ ရေတာ်ခွန်တောင် သစ္စဝေဒဂူ ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းတွင် ၁၀၀၀-ကျော်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးမြို့၊ နောင်တောင်းပရဟိတ ဘုန်းတော်ကြီးသင် တပ်ဦးကျောင်းတွင် နိုင်ငံတော်အဆင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ညီလာခံကို" ၂၉·၅·၂၀၁၄ မှ ၃၁·၅·၂၀၁၄ ထိ ၃-ရက်တိုင်တိုင် ကျင်းပခဲ့သည်။ ၄င်းညီလာခံ၌ သာသနာရေးဝန်ကြီး၏ လျှောက်ထားလွှာမှာ မြန်မာနိုင်ငံတွင် "ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၅၀၀-ကျော်၊ ဆရာ/မ

www.dhammaransi.com



ပေါင်း ၆၀၀၀-ကျော်၊ ကျောင်းသူ/သားပေါင်း ၂၆၀၀၀၀-ကျော်"ရှိကြောင်းနှင့် "ကျေးလက်တောရွာများသာမက မြို့ပေါ်မြို့ကြီးပြကြီးမှာပင် ဆင်းရဲနွမ်းပါးသောကလေးငယ်များ နေရာအနှံ့အပြားတွင် ရှိနေပြီး နေရာဒေသမရွေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ရန် အမှန်ပင်လိုအပ်လျက်ရှိပါသည်"ဟု လျှောက်ထားခဲ့ဘူးသည်။

ဤနေရာ၌ အလျဉ်းသင့်၍ ပေါက်မြို့နယ်ရှိ ပရဟိတ၊ ဘ/ကကျောင်းစာရင်းလေးကို ဖော်ပြလိုပေသည်။

၁။ ချောင်းကူးရွာ ဘ/က ကျောင်းသူ/သား ၈၃ယောက်၊

၂။ ပျဉ်းချောင်း ဘ/က ကျောင်းသူ/သား ၁၁၉ယောက်၊

၃။ ကာရောင် ဘ/က ကျောင်းသူ/သား ၃၀၅ယောက်၊

၄။ ရေကျော် ဘ/က ကျောင်းသူ/သား ၈၄ယောက်၊

၅။ ဝက်မီး ဘ/က ကျောင်းသူ/သား ၄၇ယောက်၊

၆။ သပြေရေ ဘ/က ကျောင်းသူ/သား ၅၀ယောက်၊

နိုင်ငံတော်အဆင့်စာရင်းဝင် ပရဟိတ၊ ဘ/က မဟုတ်သော်လည်း ကိုယ်တူကိုယ်ထဖြင့် ဆောင်ရွက်နေကြသော ကျောင်းများမြောက်များစွာ ရှိပါသည်။ သရဖီကျေးရွာ၊ ဓမ္မလင်္ကာရကျောင်းဆရာတော် ဦးဇဝန-သာသနဓဇ ဓမ္မာစရိယ သည် "ပါရမီ အချိန်ပိုင်း အခမဲ့ ပညာဒါနကျောင်း" ဖွင့်လှစ်နေသည်မှာ ၄-နှစ်မြောက်ရှိပြီ ဖြစ်သည်။ ပဌမတန်းမှ နဝမတန်းထိ ကျောင်းသူ/ကျောင်းသား(၁၀၀)ရှိသည်။ စေတနာ့ဝန်ထမ်း ဆရာ/မ(၆)ဦး ကူညီဆောင်ရွက်ပေးနေသည်။

ပရဟိတ၊ ဘက တည်ထောင်ဖွင့်လှစ်ဖို့ဆိုတာ လွယ်ကူသော အလုပ်မဟုတ်ပါ။ ဝါသနာပါမှ၊ စိတ်ရှည်မှ ထိုက်သင့်သည့် ပညာအရည်အချင်းရှိမှ၊ ကူညီပံ့ပိုးပေးမည့်သူရှိမှ နေရာထိုင်ခင်းပေးနိုင်မှ စသည်ဖြင့် တာဝန်ကြီးလေးသည့်အတွက် ဘုန်းတော်ကြီးတိုင်း မဆောင်ရွက်နိုင်ပေ။

စွမ်းနိုင်သည့် ဘုန်းတော်ကြီးများက စွမ်းနိုင်သလောက် ပရဟိတ၊ ဘ/ကကျောင်းများကို တည်ထောင်ဖွင့်လှစ်ကြသလို သာမန်ဘုန်းတော်ကြီးများကလည်း မိမိတို့စွမ်းနိုင်သလောက် ကျောင်းအိပ်၊ ကျောင်းစား၊ ကျောင်းသား ၅/၁၀/၁၅ ယောက်လောက် ကျောင်းထားပေး

www.dhammaransi.com



မယ်ဆိုထားနိုင်တဲ့ အနေအထားရှိပါသည်။ နေစရာအနေနဲ့ ကျောင်း၊ သိမ်ကျောင်း၊ ဇရပ် ပေါ်တို့၌ သင့်တော်ရာ နေရာပေးနိုင်သည်။ စားစရာအနေနဲ့ ရှာသူ/သားတွေ နေ့စဉ် လှူဒါန်းထားသော ဆွမ်းအိုး၊ ဆွမ်းချိုင့်များဖြင့် ကျွေးနိုင်သည်။ မလောက်လဲနည်းနည်းပါးပါးပဲ ချက်ရမည်။

အချို့ကျောင်းတွေမှာဆို ကိုရင်/ကျောင်းသားမရှိရှာက အလှည့်ကျ တာဝန်ပေးထားသည့် ကျောင်းစောင့်များက ဆွမ်းခံပေးရသည်။ ဆွမ်းအိုး ဆွမ်းချိုင့် ယူပေးရသည်။ အချို့ကျောင်းများဆို ဆွမ်းတွေ ၂/၃ ပြည် ချက်လောက်ပိုလျှံကြသည်။ ၎င်းဆွမ်းပို၊ ဆွမ်းကျန်များကို စားမည့်သူ ကိုရင်၊ ကျောင်းသား မရှိတော့ ဆွမ်းခြောက်လှမ်း၊ နေလှမ်းရသည်။ အချို့ရှာသူ/သားများက ဆွမ်းခြောက်(ထမင်းခြောက်)များကို ဝက်ကျွေးဘို့ ၁-ပြည်၊ ၂၀၀/၃၀၀နဲ့ ဝယ်ကြသည်။ မရောင်းတော့ အလဟဿဖြစ်သည်။ ရောင်းတော့လည်း ဘုန်းကြီးထမင်းခြောက်တောင် ရောင်းစားသည်ဆိုပြီး နာမည်ပျက်သည်။ ကိုရင်၊ ကျောင်းသားတွေ မွေးထားလို့ သူတို့ကို စားမယ်ကုန်မယ်ဆိုရင် နာမည်ပျက်စရာ အကြောင်းမရှိတော့ပေ။ ကုသိုလ်လည်း ရသည်။ ဆွမ်းအလှူရှင်များလည်း ပီတိဖြစ်မယ်။ ပညာဒါနလည်း ဖြစ်မယ်။ ကျောင်းစောင့်ခေါ်ထားစရာ မလိုတော့ပေ။ အထက်ပါအကျိုးကျေးဇူးများ ရရှိနိုင်သဖြင့် ဘုန်းတော်ကြီးကျောင်းတိုင်းသည် ကိုရင်၊ ကျောင်းသားများ မွေးစားစောင့်ရှောက်သင့်ပေသည်။

ယခုအခါ ခေတ်ပညာတတ် သာသနာပြုရဟန်းတော်များ ပေါ်ပေါက်လာစေရန် ခေတ်မှီ တက္ကသိုလ်များကို တည်ထောင်ဖွင့်လှစ်လျက် ရှိသည်။ ၎င်းတို့မှာ-

၁။ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ရန်ကုန် -၁
၂။ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မန္တလေး -၁
၃။ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ရန်ကုန် -၁
၄။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စစ်ကိုင်း ၁
၅။ သီတဂူဗုဒ္ဓတက္ကသိုလ် ရန်ကုန် ၁
၆။ သီတဂူဗုဒ္ဓတက္ကသိုလ် မန္တလေး ၁
၇။ ဗုဒ္ဓတက္ကသိုလ် ရန်ကုန် ၁
၈။ ဗုဒ္ဓတက္ကသိုလ် မန္တလေး ၁
၉။ မဇ္ဈိမဝံသဓမ္မဒူတကောလိပ် ရန်ကုန် ၁

ဓမ္မဓရ ဒေါက်တာကုမာရမှ ဓမ္မဓရဗာသန္တရကောလိပ် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်

www.dhammaransi.com



ရွက်နေသည်ဟု သိရသည်။ ဤပြည်တွင်း တက္ကသိုလ်ဆင်း ရဟန်းတော်များ။ သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်း စသော ပြည်ပတက္ကသိုလ်ဆင်း ရဟန်းတော်များ၊ ပြင်ပပုဂ္ဂလိက အင်္ဂလိပ်စာ၊ ကွန်ပျူတာသင်တန်းများတွင် အလွတ်တန်း လေ့လာဆည်းပူးထားသော ရဟန်းတော်များသည် မိမိတို့နေထိုင် သီတင်းသုံးသာသနာပြုရာဒေသတို့၌ ကျောင်းသူ/သားများအား ပညာရေးအားပေးလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ နောင်-မကြာသော နှစ်ကာလမှာ ခေတ်ပညာတတ် မျိုးဆက်သစ်ရဟန်းတော်များ မြောက်မြားစွာ ပေါ်ပေါက်လာပေတော့မည်။

သီရိလင်္ကာနိုင်ငံရှိ ပညာတတ်ရဟန်းတော်များသည် လောကီအတန်းကျောင်းများ ကောလိပ်၊ တက္ကသိုလ်များတွင် မိမိကျွမ်းကျင်သော ဘာသာရပ်ကို အချိန်ပိုင်း ဆရာအဖြစ်တာဝန်ထမ်းဆောင်ခွင့်ရှိသည်။ အချိန်ပိုင်းလစာကို ပံ့ပိုးလှူဒါန်းထားသည်။ ဘုန်းတော်ကြီးကျောင်းတိုင်းမှာ ဆန်းဒေးစကူးလ်ကျောင်းများဖွင့်လှစ်သင်ကြားပေးသည်။ သို့ဖြစ်၍ သီရိလင်္ကာ ဘုန်းတော်ကြီးများသည် နိုင်ငံသူ/သားတို့အပေါ် အလွန်သြဇာညောင်းသည်။ နိုင်ငံသူ/သားကိုကလည်း ဘာသာတရားအပေါ်၊ ဘုန်းတော်ကြီးများအပေါ် ရိုသေကိုင်းရှိုင်းကြသည်။ ဗုဒ္ဓဘာသာကို နိုင်ငံတကာသို့ ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရာတွင် သီရိလင်္ကာနိုင်ငံသည် ရှေ့တန်းမှ ဦးဆောင်လျက်ရှိသည်ဟု သိရသည်။ သီရိလင်္ကာနိုင်ငံ၏ သာသနာပြုကို သင်ခန်းစာယူပြီး မိမိတို့မြန်မာနိုင်ငံတွင် မည်ကဲ့သို့ သာသနာပြုသင့်သနည်း။ မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်သင့်သနည်း။ အဖြေရှာသင့်သည်။

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းများအတွက် ရေးဆွဲထားသော ကျောင်းတက်/ဆင်းချိန်ဇယားသည် ဘုန်းတော်ကြီးများရဲ့တပည့် ကိုရင်၊ ကျောင်းသားများနဲ့ ကိုက်ညီတဲ့၊ တက်ရောက်နိုင်တဲ့ အချိန်ဇယားဖြစ်သင့်သည်။ ဘုန်းတော်ကြီးကျောင်းများ၏ ဆွမ်းစားအချိန်နှင့်လွတ်အောင် ရေးဆွဲသင့်သည်။ လက်ရှိ ဖွင့်လှစ်နေသော ကျောင်းတက်/ဆင်းချိန်က ဆွမ်းစားချိန်နှင့်မလွတ်မလပ်ဖြစ်နေသည်။

စာရေးသူ လေ့လာမေးမြန်းထားသည့် ကျောင်းအချို့၏ ကျောင်းတက် ထမင်းစားနားချိန်များမှာ....

| | | | | | |
|---|---|---|---|---|---|
| ၁။ | နံနက် | ၈:၁၅ | ကျောင်းတက် | ၁၁:၃၀ | ထမင်းစားနား |
| ၂။ | နံနက် | ၈:၀၀ | ။ | ၁၁:၀၀ | ။ |
| ၃။ | ။ | ၈:၀၀ | ။ | ၁၂:၀၀ | ။ |
| ၄။ | ။ | ၈:၃၀ | ။ | ၁၂:၀၀ | ။ |

www.dhammaransi.com



| | | | | | | |
|---|---|---|---|---|---|---|
| ၅။ | ။ | ၈း၁၅ | ။ | ၁၁း၄၅ | ။ |
| ၆။ | ။ | ၇း၄၅ | ။ | ၁၁း၀၀ | ။ |
| ၇။ | ။ | ၇း၃၀ | ။ | ၁၁း၀၀ | ။ |

အထက်ပါ အချိန်ဇယားများအနက် နံနက် ၈နာရီ၊ ၇း၄၅နှင့်၇း၃၀နာရီ ကျောင်းတက်၍ ၁၁း၀၀နာရီ ထမင်းစားနားဆင်းသော အချိန်ဇယား ၂/၆/၇ တို့ကို သဘောကျပါသည်။ နေ့လည်ပိုင်း အချိန်များကတော့ ဘုန်းတော်ကြီးများအတွက် ဘာအခက်အခဲမှမရှိပေ။

အချို့ရွာဦးကျောင်းဆရာတော်များနှင့် ဆရာ/မတို့ ညှိနှိုင်းတိုင်ပင်၍ အချိန်ဇယားပြင်ဆင်ကာ သင်ကြားနေသော ကျောင်းများရှိသလို ညှိနှိုင်းတိုင်ပင်၍ မရသဖြင့် ရွာဦးကျောင်းဆရာတော်များနှင့် အဆင်မပြေနေသော ကျောင်းများလည်း ရှိနေသည်။ အချို့ကျောင်းဆရာ/မများက ကိုရင်ကျောင်းသားများကို ဆွမ်းခံချိန်မှီအောင် သီးသန့်အချိန်စောဆင်းပေးလိုက်သည်။ ၁၁း၀၀နာရီတွင် ကျောင်းသူ/သားအားလုံးတပြေးညီ တစ်ခါတည်း ဆင်းပေးလိုက်ပါက ပို၍အဆင်ပြေနိုင်သည်။ ကိုရင်၊ ကျောင်းသား/သူ အချင်းချင်း ပညာရေးကွာခြားမှုပါ ကျဉ်းမြောင်းသွားစေမည်။ အချို့ဆရာတော်များက ငါတို့ စာသင်ကျောင်းသားတွေ ကျွေးမွေးထားလည်း ဘာမှအားမကိုးရပါဘူးကွာ။ သူတို့ကျောင်းနဲ့ပဲ အချိန်ကုန်နေတာပါ။ ဆွမ်းအိုးဆွမ်းချိုင့် ယူဖို့လောက်တောင် အားမကိုးရဘူးဟု ပြောသံကြားရသည်။

ဆရာတော်တွေက ကိုရင်၊ ကျောင်းသားများအား ဆွမ်းချိုင့်၊ ဆွမ်းအိုးယူ ဆွမ်းကပ်ချိန်လောက် အဓိကအားကိုးတာပါ။ ၄င်းအချိန်လေးကို တစ်နိုင်ငံလုံး အတိုင်းအတာအရဖြစ်၊ ဒေသန္တရာအမိန့်အရဖြစ်စေ ပြင်ဆင်ပေးခဲ့မည်ဆိုက ဆရာတော်တွေကလည်း ကိုရင်၊ ကျောင်းသားတွေကို မွေးမြူစောင့်ရှောက်ကာ စာသင်ကျောင်းထားပေးမှု အားကောင်းလာနိုင်သည်။ ဆရာ/မတွေကလည်း ဆရာတော်တွေရဲ့တပည့် ကိုရင်၊ ကျောင်းသားတွေကို လက်ခံစောင့်ရှောက်ပေးမည်ဆိုရင် မြန်မာနိုင်ငံတွင် အကောင်အထည်ဖေါ်ဆောင်ရွက်နေသော "စာမတတ်သူပပျောက်ရေး၊ ကျောင်းနေအရွယ် အားလုံးအခြေခံပညာသင်ကြားနိုင်ရေး၊ ပညာရေးအဆင့်အတန်းတိုးတက်မြင့်မားရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးကို များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ပါသည်။

**ဦးနန္ဒသေန(ဒေါင်းသာ)**

www.dhammaransi.com



# မြန်မာနိုင်ငံ ရိုးရာပါဠိစာပေသင်ကြားရေး

# Traditional Pali Studies in Myanmar

ဦးအောင်သိန်းညွန့် (ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)
U Aung Thein Nyunt (Retd. DYDG Religious Affairs)

မြန်မာတို့၏ ဗုဒ္ဓဘာသာသမိုင်းအလိုအရ တတိယသင်္ဂါယနာကို တာဝန်ယူထောက်ပံ့ လှူဒါန်းစီမံခဲ့သော (သီရိဓမ္မာသောက) အသောကဘုရင်(၂၆၄-၂၃၈ဘီစီ)လက်ထက်တွင် အာရှဒေသနေရာများသို့ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ခဲ့ပြီး အရှင်သောဏနှင့်အရှင်ဥတ္တရတို့သည် ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးရည်ရွယ်ချက်ဖြင့် (သထုံ-ခေါ်) သုဝဏ္ဏဘူမိသို့ ကြွရောက်ခဲ့ကြပါတယ်။ တစ်ချိန်တည်းမှာပဲ တတိယသင်္ဂါယနာတွင် အညီအညွတ်အတည်ပြုပြီးဖြစ်ခဲ့တဲ့ ပိဋကသုံးပုံပါဠိတော်ကျမ်းများကို သီဟိုဠ်နိုင်ငံ ပါရမီရှင်ရဟန္တာထေရ်အရှင်ကြီးများက နှုတ်ငုံဆောင်တော်မူခဲ့ကြပါတယ်၊ တတိယသံဂါယနာဒါယကာအသောကမင်းကြီးရဲ့သားတော်ရှင်မဟိန္ဒနဲ့ သမီးတော် သံဃမိတ္တာထေရီတို့ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် မြတ်စွာဘုရားရှင်ရဲ့ ဒေသနာတော်များဟာ သီဟိုဠ်ကျွန်းမှာ ပြန့်ပွားထွန်းလင်းခဲ့ပါတယ်။ သီဟိုဠ်ဘုရင်အဘယဝဋ္ဋဂါမဏိမင်းလက်ထက်(၁၀၁-၇၇ ဘီစီ)တွင် စတုတ္ထသံဃာယနာကို ဘီစီ-၈၀ (သာသနာနှစ်-၄၅၀)၌ မလယဇနပုဒ်၊ အလိုဝိဟာရ(အာလောက)လိုဏ်ဂူတွင် ကျင်းပခဲ့ပြီး သီဟိုဠ်ကျွန်းရဟန္တာအရှင်မြတ်ကြီးများက ပိဋကသုံးပုံပါဠိတော်ကျမ်းများကို ပေထက်အက္ခရာတင်ခဲ့ကြပါတယ်၊ တတိယသံဃာယနာတွင် အတည်ပြုတည်းဖြတ်ပြီးခဲ့သော ပိဋကသုံးကျမ်းစာတော်များကို ပေထက်အက္ခရာတင်ရာမှာ အကြိမ်တစ်ရာမျှ တိကျသေချာသပ်ယပ်စွာ တိုက်ဆိုင်စစ်ဆေး အတည်ပြုခဲ့ကြတယ်လို့ မှတ်တမ်းအရ သိရှိရပါသည်။

According to the chronicles of Myanmar Buddhism, at the reign of King Asoka (264-238 BC) who sponsored the Third Buddhist Council, he sent nine Buddhist missionaries to many parts of Asia and Ven. Sona and Uttara arrived at Suvannabhumi (ThaHton) for Buddhist missionary purpose. Simultaneously, the triple Pitaka Pali text unanimously approved by third Buddhist Council were

www.dhammaransi.com



committed to memory by the Sinhalese Arahant monks of genius; and pious support of the King Asoka's son and daughter, Ven.Mahinda and BukkhuniSamghamitta, the teachings of the Buddha spread through the whole island and Theravada Buddhism started to shine forth on the island. At the reign of King Abhayavattagamini (101-77B.C) the forth Buddhist Council was held in the cave of Alokavihara, Maleya Market-town in 80 B.C (450 Sasana Era)and three Pitaka Pali texts were inscribed on palm-leaves by the Arahant-monks. It is recorded that the scripts of Palm-Leaves manuscripts approved in Third Buddhist Council were precisely reviewed repeatedly for hundred times.

**မြန်မာနှင့်ပါဠိစာပေသင်ကြားရေး**

ပါရာဇိကကဏ်ပါဠိတော် စာမျက်နှာ ၅၂-အဖွင့်ဖြစ်သော ပါရာဇိကကဏ်အဋ္ဌကထာ၊ နိဒါနကထာ၊ စာမျက်နှာ ၅၅-တွင်-

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ၊

ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလမဒေသိသုံ။ ဟူ၍ အတိအလင်း ဖော်ပြထားတာရှိပါတယ်။ ပါရာဇိကကဏ်ပါဠိတော် အထက်ပါဂါထာနှင့် အဋ္ဌကထာအဖွင့်ရဲ့ အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

"သာသနာနှစ် ၂၃၅-ခုနှစ်တွင် ပါဋလိပုတ်ပြည်၌ တတိယသင်္ဂါယနာတင်ပြီးနောက် အရှင်သောဏနှင့် အရှင်ဥတ္တရတို့သည် သုဝဏ္ဏဘူမိသို့ ရောက်ရှိသီတင်းသုံးတော်မူကြပြီးနောက် တရားနာပရိသတ်တို့အား ဗြဟ္မဇာလသုတ်တော်ကြီးကို ဟောကြားတော်မူခဲ့ကြသည်။ တရားနာပရိသတ်ခြောက်သောင်းခန့်အနက် အမျိုးသားနှစ်ထောင့်ငါးရာသည် ရှင်ရဟန်းပြုခဲ့ကြပြီး အမျိုးသမီး တစ်ထောင့်ငါးရာသည် ဘိက္ခုနီသာသနာသို့ ဝင်ရောက်ခဲ့ကြလေ၏။"

**Myanmar and Pali Studies**

It is exactly stated in the page 55, Nidanakatha of Parajikakanda Pali exposition with reference to the page 52 of Parajikakandathakatha text;

Suvanbumimgantvarna,
Sonutaramahiddhika,
Pisace niddhamitvana,
Brahamajalmadesisum.
(para-pa-pa-52)

The meaning of the verse of Parajikandha Pali Text and its exposition and interpretation is as follows:

After the Third Buddhist Council in Pataliputta in 325 Sasana Era, Ven.Sona and Ven. Uttara arrived in Suvanabumi and expounded Brahamajalasuta to listeners there; out of the huge audience of about sixty thousands, 2500 men became monks and

www.dhammaransi.com



novices and 1500 women entered into the holy life of Bhikkhuni.

ဤနေရာ၌ ``သုဝဏ္ဏဒီပ``မဟုတ်ပဲ၊ ``သုဝဏ္ဏဘူမိ``ဟူသော အဆိုအမိန့်နှင့် စပ်လျဉ်း၍ အနည်းငယ်ဆွေးနွေးလိုပါသည်၊ မဟာဝံသပါဠိ၊ အပိုင်း ၂၇၊ ဂါထာ-၄၃-အရ သုဝဏ္ဏဘူမိ(သထုံ)ရှိ ကေလာသကျောင်းတိုက်ကြီးတွင် ရဟန္တာမထေရ်မြတ် မြောက်မြားစွာ သီတင်းသုံးနေခဲ့ကြကြောင်း ဖော်ပြထားပါသည်၊ သီဟိုဠ်ပညာရှင်ရဟန်းတော် အရှင်သီဝလိ၏ ``ဗုဒ္ဓဘာသာသမိုင်း``စာအုပ်တွင် ယိုးဒယားနိုင်ငံရှိ နခုမ်ပထုမ်(နဂရပထမ)စေတီတော်၌ အရှင်သောဏနှင့် အရှင်ဥတ္တရတို့၏ ဓါတ်တော်များ ဌာပနာထားကြောင်း ဖော်ပြထားပါသည်။ သို့ရာတွင် မြန်မာစာပေပညာရှင်ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်ပညာရှင်ကြီးများကမူ ရဟန္တာအရှင်မြတ်ကြီးနှစ်ပါး ပရိနိဗ္ဗာန်စံဝင်တော်မူကြသောအခါ အလောင်းတော်များသည် အလိုလိုကျောက်သားအဖြစ်သို့ ပြောင်းလဲသွားပြီး သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှ သုံးမိုင်ခန့်ဝေးသော ကုသိနာရုံတောင်တော်၌တည်ရှိနေကြောင်း မှတ်ချက်ပြုထားကြပါသည်၊ လွန်ခဲ့သောနှစ်များက သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဝင်းကရွာနှင့်၊ အရက်သည်မရွာတို့အနီး မြေနေရာများကို အစိုးရရှေးဟောင်းသုတေသနဌာနက တူးဖော်ရာတွင် အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့၊ ရှေးဟောင်း(ဘုရားရှင်သီတင်းသုံးတော်မူခဲ့သော)ဇေတဝန်ကျောင်းတော်ရာများကဲ့သို့ပင် မြောက်များစွာသော ဘုန်းတော်ကြီးကျောင်းကြီးများ၏ ကြီးမားသော အုတ်ခုံကြီးများကို အံ့ဩဖွယ်တူးဖော်တွေ့ရှိကြရပါသည်။ (စကားချပ်)

Here, I would like to say something about a little of the "Suvanabumi but not Suvannadipa;" according to verse 43, part 27, of Mahavamsapali, it is stated that there were so many monks-arahants residing at the Kelasa monastery of Suvannabumi (Thahton); Sinhalese bhukkhu Scholar Dr. Sivali stated in his work, "History of Buddhism" that the sacred relics of Ven.Sona and Ven. Uttara were enshrined in Nakhunpahtun cetiya(nagarapathama) of Siam; nevertheless Myanmar Buddhist scholars, Ven. Sayadaws, lay devotes remarked that when the two venerable arahants entered into noble demise, the corpses became stone statues of their own accords, and they were situated on Kusinara mountain, 3 miles away from Bilin township, Thahton district. The government archeological department excavated the ground places near Winka village and Ah-yat-thei-ma village, Kyaikhto township Thahton district last years and they wonderously found many huge brick platforms (phinths) of many monastic buildings just like the plinth of ancient Jetavana monastery in Savatthi of India (Parenthesis).

ဦးအောင်သိန်းညွန့်

U Aung Thein Nyunt

# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လှမင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ နဝမအစည်းအဝေးစတင် ကျင်းပခြင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီနဝမအစည်းအဝေးပထမနေ့ကို ဒီဇင်ဘာလ(၃)ရက်၊ နံနက်(၈း၀၀)နာရီတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူပြီး သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပါသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကိုတာဝန်ကျ

စာမျက်နှာ(၆၂)သို့

www.dhammaransi.com



# (၂၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်ကျင်းပခြင်း



သာသနရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏(၂၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ(၂၆)ရက်နေ့၊ မွန်းလွဲ(၁း၀၀)နာရီက ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားကို နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် သာသနာအုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင် ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ ပါမောက္ခချုပ်ဆရာတော်များ အမှူးပြုသော သင်ကြား၊ စီမံဆရာတော်များနှင့် ဘွဲ့ခံသံဃာတော်များကြွရောက်တော်မူကြပါသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၏ ဥယျောဇနဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်အုပ်ချုပ်ရေးဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော်ကဖတ်ကြားတော်မူပါသည်။

ယင်းနောက်အုပ်ချုပ်ရေးမှူးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒု-ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသက သမ္မောဒနီယဩဝါဒကထာကို ဖတ်ကြားတော်မူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တ က္ကသိုလ်(ရန်ကုန်)မော်ကွန်းထိန်းဆရာတော်က မဟာဘွဲ့နှင်းသဘင်နှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားတော်မူပါသည်။

www.dhammaransi.com



ထို့နောက်သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက သာသနာရေးဆိုင်ရာများလျှောက်ထားရခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေက မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့်စပ်လျဉ်း၍ လျှောက်ထားတော်မူပါသည်။

ယင်းနောက်မော်ကွန်းထိန်းဆရာတော်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြု လက်မှတ်ရေးထိုးပြီး ဘွဲ့ရအရှင်မြတ်များအားဘွဲ့တံဆိပ်တော်နှင့်ဘွဲ့လက်မှတ်များကို ပေးအပ်ရာဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချအမျှဝေကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

(၂၁)ကြိမ်မြောက် ကျင်းပသည့် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့်(မန္တလေး)မှ ဓမ္မပါရဂူ(Ph.D)ဘွဲ့ရ (၂)ပါး၊ မဟာဓမ္မာစရိယ(M.A)ဘွဲ့ရ (၂၃)ပါး၊ ဓမ္မစရိယ(BA)ဘွဲ့ရ (၉၉)ပါး စုစုပေါင်း (၁၂၄)ပါး တို့ ဘွဲ့ခံယူတော်မူခဲ့ကြကြောင်း သိရှိရသည်။

××××××××××××××

စာမျက်နှာမှ(၆၀)အဆက်

အဖွဲ့ခွဲ၏ ကိုယ်စားတွဲဖက်အကျိုးတော်ဆောင်ဆရာတော်က တင်သွင်းလျှောက်ထားခဲ့ပါသည်။

ထို့နောက် သတ္တမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယ)အဖွဲ့ခွဲမှ တတိယအကြိမ်တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက်တင်သွင်းလျှောက်ထားခဲ့ပါသည်။

ယင်းနောက်ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ၏ ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးပထမနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပါသည်။

ပထမနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃနာမဟာနာယကဆရာတော်ကြီးများအား အလှူရှင် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)+ဒေါက်တာ ဒေါ်တင်လင်းမြင့်မိသားစုတို့က နေ့ဆွမ်းများဆက်ကပ်လှူဒါန်းကြပါသည်။

www.dhammaransi.com



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မှ နယ်စပ်နှင့်တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့်ရဟန်းတော်များ ဩဝါဒခံယူပွဲကျင်းပခြင်း




နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နယ်စပ်နှင့်တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော်များဩဝါဒခံယူပွဲအခမ်းအနားကို ဒီဇင်ဘာလ(၂၇)ရက်၊ တနင်္ဂနွေနေ့၊ မွန်းလွဲ(၂း၀၀)နာရီတွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်းဓမ္မာရုံတွင် ကျင်းပခဲ့ပါသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ပါသည်။ ထို့နောက် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော မေတ္တာသုတ်တရားတော်ကို နာယူကြပါသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယအဖွဲ့၊ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ၏ဩဝါဒတော်ကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နယ်စပ်နှင့်တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့်ရဟန်းတော်များက နာယူကြည်ညိုကြပါသည်။

www.dhammaransi.com





ယင်းနောက် သာသနာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးခိုင်အောင်မှ သာသနာရေး ဆိုင်ရာများ လျှောက်ထားခဲ့ပါသည်။

ထို့နောက် ကြွရောက်လာသော ဆရာတော်အရှင်သူမြတ်တို့အား လှူဘွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တက္ကန္ဓောဘာသထံမှ အနုမောဒနာရေစက်ချတရားနာယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနားအပြီးတွင် နယ်စပ်နှင့်တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော်များကို အလှူရှင်များမှ နဝကမ္မနှင့်လှူဘွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ လှူဒါန်းမှုအတွက် နဝကမ္မအလှူတော်ငွေနှင့် လှူဘွယ်ပစ္စည်းတန်ဖိုးစုစုပေါင်းမှာ ကျပ်(၁၅၃၁၅၅၀၀/)တစ်ရာငါးဆယ့်သုံးသိန်းတစ်သောင်းငါးထောင်ငါးရာတိတိ)ဖြစ်ကြောင်း သတင်းရရှိပါသည်။

www.dhammaransi.com

ACA

ပညာရိပ်ငြိမ်

Since 1983

# ကိုယ်ပိုင်အထက်တန်းကျောင်း

မှတ်ပုံတင်အမှတ်-ကက-၁၃/၁၂/၀၀၉

http://www.aca-educentre.com



ခြံအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ဂ/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့၊ မြောက်ဥက္ကလာပမြို့။

Ph : 691123, 691979, 09 73242687, 09 5057071, 09 73019477